# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

## Democratic Party For A New Society (DPNS)

ပါတီစည်းရုံးရေးစာစဉ်

ဇန်နဝါရီ၊ ၂၀၂၅





# တွေ့ဆုံဆွေးနွေးရေး ဆိုတာ
# ဆေးဖြစ်မလား။
# ဘေးဖြစ်မလား။

**ဒီလစကား**

# ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို သွေးနဲ့ ရေးတော့ ......

"လွတ်လပ်ရေးကို သွေးနဲ့ ရေးတော့ ငံညီညီ နေတာပေါ့ ...." ။ ဆရာမောင်ထင်ရဲ့ ဝတ္ထုဇာတ်ကောင် ဘောရဲ့ စကား (စာသား) ပါ။ ဘောကို ဂျပန်က ပါးရိုက် သွားကျွတ်လို့ သွေးထွက်တဲ့အခါ၊ မထွေးရဲလို့ ခမျာ မျိုချရ၊ ခံတွင်းထဲ ငံညီညီ ခံစားရသတဲ့။ မော်ကြည့်လိုက်တော့ ဝါဒဖြန့် ပိုစတာဆိုင်းဘုတ်ကြီးမှာ "လွတ်လပ်ရေးကို သွေးနဲ့ ရေးရမည်" လို့ ဖတ်မိရှာသတဲ့။ အဲ့ဒီမှာ အထက်ကအတိုင်း ဘောရဲ့အတွေးမှာ ပေါ်လာသတဲ့။

မကြာသေးခင်က ပါတီရဲဘော်တချို့ရဲ့ ဆွေးနွေးစကားဝိုင်းဖွဲ့ကြမှုမှာ "လွတ်လပ်ရေး တကယ် စစ်ရဲ့လား" ဆိုတဲ့ အသံကို ကြားမိခဲ့တယ်။ ၁၉၄၈ ကြေညာခဲ့တဲ့ လွတ်လပ်ရေး ဆိုတာ ဘယ်သူတွေ အတွက်လဲ? ကျနော်တို့ ဗမာပြည် - ပြည်တွင်းစစ်သမိုင်းက သက်သေခံနေပါတယ်။

အခု နွေဦးတော်လှန်ရေးကြီးမှာ လူမျိုးစုံဗမာပြည်သူတွေနဲ့အတူ၊ ရဲဘော်တို့ ကျနော်တို့ရဲ့ သွေးတွေနဲ့ စက်ပြီး သွန်းလောင်းလို့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို သွေးနဲ့ ရေးနေကြတယ်။ ကျနော်တို့ရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဟာ ***ဘောတို့အတွက်*** ပါ'ပါ ပြီလား .... ရဲဘော်တို့ ကျနော်တို့ သေချာကြဖို့ လိုပါတယ်။ "ပြည်သူသာ အမိ ပြည်သူသာ အဖ" ဆိုတဲ့ ပါတီရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဟာ ဘောတို့အတွက် မပါလို့ မဖြစ်ပါ။

တိုင်းပြည်ရဲ့ ၆၀% လောက်ရှိတဲ့ ဗမာပြည် လူမျိုးပေါင်းစုံပြည်သူတွေဟာ လယ်ယာနဲ့ စိုက်ပျိုးထွက်ကုန်အပေါ် စီးပွားရေးဘဝအရ မှီခိုနေကြတယ် .... ဆိုတဲ့ ကိန်းဂဏန်းဟာ ၂၀၁၈ နောက်ပိုင်းမှာ ယွင်းသွားခဲ့၊ ပြောင်းသွားခဲ့ပြီ။ ကျေးလက်နေ စိုက်ပျိုးရေးသမား ဘောတို့ မိသားစုများဟာ မိသားစုဘဝတွေ ပြိုကွဲလို့ မြို့နေစက်မှုလုပ်သား၊ ပုံကျနဲ့ နိုင်ငံတကာမှာ တရားမဝင်အလုပ်သမားတွေအဖြစ် ရွှေ့လျောသွားကြပြီ။ အထူးသဖြင့် အရွယ်ကောင်း၊ စိုက်ပျိုးထုတ်လုပ်နိုင်သူ လူငယ်များဟာ မိသားစုတွေကို ခွဲခွာ ရုန်းကန်ကြရတဲ့အဖြစ်ဆီ ဆိုက်ခဲ့ပြီ။ နွေဦးတော်လှန်ရေး ပေါ်ပေါက်လာတော့ အဲ့ဒီလူငယ်တွေဟာ တောကြို တောင်ကြားမှာ တော်လှန်ရေးတပ်သားတွေအဖြစ် ခေတ်ဝန်ကို ထမ်းကြရပြန်တယ်။ စစ်မှုထမ်းဥပဒေရဲ့ ကောင်းမှုကြောင့် အိမ်နီးချင်းတိုင်းပြည်တွေမှာ နိုင်ငံမဲ့များအဖြစ် မှီခိုကြရပြန်တယ်။ ဘယ်တော့များ ဘောတို့ မိသားစုတတွေ ပြန်ပေါင်းထုတ်နိုင်ကြပါ့မလဲ?

ရဲဘော်တို့ .... ကျနော်တို့ရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဟာ၊ ဖက်ဒရယ်ပြည်ထောင်စုဟာ ***ဘောတို့အတွက်*** မလွဲမချွတ် ဖြစ်ကြရပါမယ်။ ဘောတို့ မိသားစုဘဝတွေ ချစ်ခင် ငြိမ်းချမ်း လုံခြုံမှု အပြည့်နဲ့ ပြန်ပေါင်းထုတ်နိုင်ရေးကို အာမ'ခံတဲ့ ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ ဖက်ဒရယ်ပြည်ထောင်စုမျိုးကသာလျှင် ပါတီက မျှော်ရည်တဲ့၊ ရဲဘော်တို့ ကျနော်တို့ ယုံ ကြည် တမ်းတခဲ့ကြတဲ့ လူ့အဖွဲ့အစည်းသစ် ဖြစ်ပါတယ်။

ဒါ့ကြောင့် "ဘောတို့အတွက် ပါ'ပါစေ" ဆိုတဲ့ တိုက်တွန်းချက်ကို ဒီလစကားအဖြစ် ရဲဘော်တို့ဆီ ဖေါ်ပြ ပါး'လိုက်တယ်။ ။


**ရည်ညွှန်း - လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ "အခြေခံနိုင်ငံရေးရပ်တည်ချက်" ။**

ပြန်လည်ဖော်ပြချက်

## လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

### ဖွဲ့စည်းတည်ထောင်ခြင်း ၁၇ နှစ်မြောက် အခမ်းအနားတွင်

## ဆရာဖဒိုမန်းရှာ ပြောကြားခဲ့သည့် အမှတ်တရစကား



ဆရာဖဒိုမန်းရှာ

၁၇ နှစ်မြောက် (DPNS) အခမ်းအနားမှာ စကားပြောခွင့်ရတဲ့အတွက် ဒီအခမ်းအနားမှာ ကျနော် မြင်ယောင်မိတာကတော့ လူ့ဘောင်သစ်ပါတီဥက္ကဋ္ဌ ကိုမြင့်ဇော် ဖြစ်ပါတယ်။ လူ့ဘောင်သစ် ဒီမိုကရက်တစ် ပါတီ ကျနော်တို့ မာနယ်ပလောမှာ ရောက်လာတဲ့ အချိန်တုန်းကဆိုရင် ဥက္ကဋ္ဌက ကိုမြင့်ဇော် ဖြစ်ပြီးတော့ အတွင်းရေးမှူးက ကိုအောင်မိုးဇော် ဖြစ်ပါတယ်။ အဲဒါ ကျနော်တို့ စတင်ပြီးတော့ ပူးပေါင်းခဲ့တာ ဖြစ်ပါတယ်။ အဲဒါ မတိုင်ခင်ဆိုလို့ရှိရင်တော့ ကျနော်တို့ (၉၀) ပြည့်နှစ် မေလ ရွေးကောက်ပွဲအပြီး တလအကြာ ဇွန်လမှာ တပ်မဟာ (၃) မှန်းမြို့နယ်ကို ကျနော်တို့ ရောက်သွားကြပါတယ်။

နောက် ဒီကာလမှာပဲ ကျနော်တို့ ပထမဆုံး တွေ့ရတာက ဘယ်သူလဲဆိုလို့ရှိရင် ကိုထွဋ်မှုတို့၊ ကိုနိုင်ထွန်းတို့၊ ကိုအောင်ကိုတို့ ဖြစ်တယ်။ ဒီထက်စောစော ဆိုလို့ရှိရင်တော့ လူ့ဘောင်သစ်ပါတီ ခေါင်းဆောင်ဟောင်း တယောက်ဖြစ်တဲ့ ရှေ့နေကိုငွေအောင် ပထမဆုံး တွေ့ရတယ်။ နောက်ပိုင်းမှာ ကျနော်တို့ အနေနဲ့ လူ့ဘောင်သစ်က မြို့ထဲမှာ ရပ်တည်ဖို့ မလွယ်တော့ဘူး။ ပါတီကို ကျနော်တို့ တော်လှန်ရေးနယ်မြေမှာ ပြောင်းရမယ်ဆိုတဲ့ အချိန်ကို ရောက်လာတယ်။ ကျနော်တို့ အသေအချာပဲ ညှိနှိုင်းပြီးတော့ အတတ်နိုင်ဆုံး ကူညီခဲ့ပါတယ်။

လူ့ဘောင်သစ်ပါတီ မာနယ်ပလော တော်လှန်ရေးနယ်မြေမှာ လူရောက်ပြီးတော့ အခြေချတဲ့ အခမ်းအနားကို ကျနော်တို့ ကောင်းကောင်းမွန်မွန် လုပ်ခဲ့တာ ဖြစ်ပါတယ်။ နောက် လူ့ဘောင်သစ်ပါတီအနေနဲ့ မာနယ်ပလော ရောက်လာပြီးတဲ့ နောက်ပိုင်းမှာ ဆိုလို့ရှိရင်တော့ အရေးကြီးတဲ့တာဝန် တော်တော်များများ

ထမ်းဆောင်ခဲ့တာ တွေ့ရပါတယ်။ DAB ဆိုလို့ရှိရင် ကိုမြင့်ဇော် ထမ်းဆောင်ခဲ့တာဖြစ်တယ်။ နောက်ပြီးတော့ NCUB မှာလည်း အရေး ကြီးတဲ့ တာဝန်တွေ အများကြီး ထမ်းဆောင်ဖူးပါတယ်။ အထူးသဖြင့် Political Defiance Committee (PDC) မှာ သူက အရေးကြီးတဲ့တာဝန် ထမ်းဆောင်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကိုမြင့်ဇော် လက်ထက်က စလို့ ဒီနေ့အထိ လူ့ဘောင်သစ်ပါတီ ခေါင်းဆောင်တွေ ဆိုလို့ရှိရင် DAB မှာဖြစ်ဖြစ်၊ PDC မှာ ဖြစ်ဖြစ်၊ NCUB မှာဖြစ်ဖြစ် အရေးကြီးတဲ့တာဝန် အများအပြားကို ထမ်းဆောင်ခဲ့တာကို ကျနော်တို့ တွေ့ခဲ့ရတယ်။

လတ်တလောက ပြီးခဲ့တဲ့ သက်တမ်းတုန်းက ဆိုလို့ရှိရင် NCUB အတွင်းရေးမှူး အလုပ်တာဝန်ကို လူ့ဘောင်သစ်ပါတီဥက္ကဋ္ဌ အခုလုပ်နေတဲ့ ကိုအောင်မိုးဇော်ပဲ ကြာမြင့်စွာ ထမ်းဆောင်ခဲ့တာ ဖြစ်ပါတယ်။ အဲလိုဖြစ်တော့ လူ့ဘောင်သစ်ပါတီက တော်လှန်ရေးနယ်မြေမှာ ရောက်လာပြီးတဲ့ နောက်ပိုင်းမှာ အရေးကြီး တဲ့ တာဝန်အများအပြားကို ထမ်းဆောင်ရင်းနဲ့ သူတို့အဖွဲ့ အတွင်းလုပ်ငန်းတွေရော၊ အပြင်လုပ်ငန်းတွေရော အများကြီး လုပ်ဆောင်ခဲ့တာကို ကျနော်တို့ တွေ့ရတယ်။

ဒီမှာ ကျနော် အတိုချုပ်ပြောချင်တာက ဘာလဲဆိုတော့ တော်လှန်ရေးမှာ တော်လှန်ရေးအလုပ် တော်လှန်ရေးမှာ ရပ်တည်ဖို့ ဆိုတာက ၁ နှစ်ပဲဖြစ်ဖြစ်၊ ၂ နှစ်ပဲ ဖြစ်ဖြစ် အဲဒီလို အခြေချပြီး ရပ်တည်ဖို့ဆိုတာ မလွယ်ဘူး။ တော်လှန်ရေးမှာ အခြေချဖို့၊ တော်လှန်ရေးမှာ အခြေမြဲဖို့၊ တော်လှန်ရေးမှာ အခိုင်အမာ ရပ်တည်ဖို့ဆိုတာက တော်တော်မလွယ်တဲ့ကိစ္စ ဖြစ်တယ်။ တော်လှန်ရေးအလုပ် ကိုယ်၌ကိုယ်က ရေစီးကို ဆန်တက်ပြီးတော့ လုပ်နေရတဲ့ အခက်အခဲတွေ၊ အဲလိုဖြစ်တော့ ၁ နှစ်၊ ၂ နှစ်ဆိုတဲ့ တော်လှန်ရေး ရပ်တည်ချက်က ခက်ပါတယ်။ အထူးသဖြင့် အခု ၁၇ နှစ်အတွက် ရပ်တည်မှုဟာ နည်းနည်းနောနော မဟုတ်ဘူးလို့ ကျနော်တော့ အဲဒီလိုပဲ ယူဆတယ်။

မြို့ပေါ်မှာဆိုလို့ရှိရင် ၂ နှစ်လောက် ရပ်တည်ခဲ့တယ်။ တောထဲမှာ ဆိုလို့ရှိရင် ၁၅ နှစ်လောက် ရပ်တည်ခဲ့တယ်။ ဒီ ၁၇ နှစ်ကာလဟာ တော်တော် ခက်ခက်ခဲခဲ ဖြတ်သန်းခဲ့ရတဲ့ ကာလဖြစ်တယ်။ ဒါကြောင့်မို့ တော်လှန်ရေးမှာ ဆိုလို့ရှိရင် ၂ နှစ်တောင် မလွယ်တဲ့ အခါကျတော့ ၁၇ နှစ်ဆိုတဲ့ ကာလမှာ တော်တော်လေး ရုန်းကန်ပြီးတော့ ဖြတ်သန်းခဲ့ရတာ ဖြစ်တယ်။ အထူးသဖြင့် ၅၆ နှစ်၊ ၅၇ နှစ် သက်တမ်းဆိုရင်တော့ ပြောလို့တောင်မှ မဖြစ်တော့ပါဘူး၊ တော်တော် ခက်ခက်ခဲခဲ ရပ်တည်ရတာ ဖြစ်တယ်။

ဒါကြောင့်မို့ တော်လှန်ရေးမှာ ဆိုလို့ရှိရင် ခပ်ကြာကြာလေး ရုန်းကန်ရပ်တည်ရတဲ့ အခါကျတော့ တချို့ကတော့ တိုက်ပွဲအတွင်းထဲမှာပဲ ပိုမိုပြီးတော့ စိတ်ဓာတ်ကလည်း ခိုင်မာလာတယ်၊ နိုင်ငံရေး ရပ်တည်ချက် ပိုကောင်းလာတယ်။ စည်းရုံးရေးလည်း ပိုပြီးတော့ အရည်အချင်း တိုးမြင့်လာတာ ရှိတယ်။ တချို့ကျတော့ တော်လှန်ရေး ကြာလာလေလေ စိတ်ဓာတ်ပိုင်းဆိုင်ရာ ချွတ်ခြုံကျလေလေပဲ။ အဲဒါမျိုး တွေလည်း ကျနော်တို့ တွေ့ရတာ မာနယ်ပလော တော်လှန်ရေးဌာနချုပ်က လူ့ဘောင်သစ်ဒီမို ကရက်တစ် ပါတီရုံး ရှိတယ်။ နောက် လူ့ဘောင်သစ်ပါတီနဲ့ ကျနော်တို့နဲ့ တွဲပြီးတော့ အလုပ်လုပ်နေတဲ့ ပါတီဝင်အားလုံး ခေါင်းဆောင်အားလုံးက အများအားဖြင့်တော့ တော်လှန်ရေးမှာ ကြာညောင်းလာတဲ့နဲ့အမျှ နိုင်ငံရေး ရပ်တည်ချက်က ပိုပြီးတော့ ခိုင်မာတယ်၊ စိတ်ဓာတ် ပိုခိုင်မာတယ်။ နိုင်ငံရေးအမြင်တွေ ပိုပြီးတော့ ရင့်သန် လာတာကို ကျနော်တို့ တွေ့ရတယ်။ အဲဒီလိုဖြစ်တဲ့အတွက်ကြောင့်မို့ ကျနော်တို့ အများကြီး ဝမ်းသာပါတယ်။

ဒီကိစ္စနဲ့ အကြောင်းပြုပြီးတော့ တော်လှန်ရေးမှာ ကျနော်ပြောချင်တာက ဘာလဲဆိုတော့ တော်လှန်ရေး ရှည်ကြာလာတာနဲ့အမျှပေါ့လေ၊ ဒီလို ဖြစ်ပေါ်လာတဲ့ အခါကျတော့ ကျနော်တို့ အများကြီး နိုင်ငံရေးသတိရှိဖို့တော့ လိုလိမ့်မယ်လို့ ယူဆတယ်။ အခု ဒီကနေ့ကာလမှာ ဆိုလို့ရှိရင်တော့ နအဖဟာ သူရဲ့ အုပ်ချုပ်ရေး ယန္တရားကြီး တခုလုံးကို ထိန်းချုပ်ဖို့ဆိုတာ ပိုမို ခက်ခဲလာတာကို ကျနော်တို့ တွေ့ရတယ်။ အုပ်ချုပ်ရေးယန္တရားကြီး တခုလုံးဟာ တော်တော် ကမောက်ကမဖြစ်နေတဲ့ အခြေအနေကို ရောက်လာတယ်။ နိုင်ငံရေး အကြပ်အတည်းတွေ၊ စီးပွားရေး အကြပ်အတည်းတွေ၊ လူမှုရေး အကြပ်အတည်းတွေ အများကြီး ရှိတယ်။ စီးပွါးရေး အဆောက်အအုံတခုလုံးကို သူတို့က (Management) လုပ်ဖို့က အင်မတန် ခက်ခဲလာတဲ့ အခြေအနေ ရှိတယ်။ သူတို့ ရှေ့ဆက်ပြီးတော့ နိုင်ငံရေး လုပ်နေတယ်ဆိုတာတောင်မှ တော်တော် စိတ်ဝင်စား စရာကောင်းတဲ့ အချိန်ကို ရောက်လာတယ်။ သူတို့ရဲ့ အုပ်ချုပ်ရေးဘောင်တခုလုံးကလည်း တော်တော် ထိန်းရသိမ်းရခက်တဲ့ အခြေအနေကို ရောက်လာပြီ ဖြစ်တယ်။ ဒါကိုလည်း ကျနော်တို့ မြင်ထားပါတယ်။

ဒါကြောင့်မို့လို့ တော်လှန်ရေးမှာ ဆိုလို့ရှိရင်တော့ ဆိုရိုးစကား တခုရှိတယ်။ အခြေအနေ တခုလုံးကို မမြင်ရဘဲ တစိတ်တပိုင်းကိုပဲ မြင်ရရင် ကျနော်တို့ဟာ ရှုံးနေပြီ၊ နိုင်ငံရေးအရ ကျနော်တို့ သေနေပြီ၊ ကျနော်တို့ ဘာမှ မလုပ်နိုင်တော့ဘူး စသည်ဖြင့်ပေါ့ ဒီလို ဆန့်ကျင်ဘက်အမြင်လည်း ရှိတာတွေ ရှိပါတယ်။ တချို့အပိုင်း က ဆိုလို့ရှိရင်လည်း တော်လှန်ရေး ကြာလာတာနဲ့အမျှ ပိုပြီးတော့ ထုသားပေသား ရလာတယ်၊ ယုံကြည်ချက် ပိုမြင့်မားလာတယ်။ ကိုယ့်ကိုယ်ကိုယ် (Confidence) (Self confidence) ပိုများလာတယ်။ လူထုအပေါ်မှာ ယုံကြည်မှု ပိုများလာတယ်။ တော်လှန်ရေး ရပ်တည်ချက်၊ တော်လှန်ရေး ယုံကြည်မှု ပိုများလာတယ်။ အမှန် တရားနဲ့ တရားမျှတမှုအပေါ်မှာ ယုံကြည်ချက်က ပိုပြီးတော့ ထက်သန်လာတယ်။ အခက်အခဲ ကြုံရ လေလေ အဲဒီ ယုံကြည်မှုတွေက ပိုများလာတယ်။ တချို့ကျတော့ ပြောင်းပြန်ပဲ။

တော်လှန်ရေး ကြာလာတဲ့အခါ အနစ်နာခံရတာ၊ အခက်အခဲကြုံလာတဲ့ အခါကျတော့ သူတို့အနေနဲ့ စိတ်ဓာတ်ကျတာမျိုး။ ကျနော်တို့ ဘာမှ မလုပ်နိုင်တော့ဘူး ကိုယ်ရှုံးပြီ စသည်ဖြင့်ပေါ့လေ၊ အဲဒီလိုလေးလည်း ရှိတယ်။ ဒါက တော်လှန်ရေးမှာ နောက်ဆုံး ရန်သူ ပြုတ်ကျမယ့်နေ့၊ နောက်ဆုံး ကိုယ်အောင်ပွဲခံမဲ့နေ့မှာ တောင်မှ အညံ့ခံရေးဝါဒ၊ အညံ့ခံတဲ့ဝါဒ အတွေးအခေါ်တွေ၊ အညံ့ခံမှုတွေ ရှိနေဦးမှာပဲလို့ တချို့ အဲဒီလို ပါရဂူကြီးတွေက အဲဒီလို အတွေ့အကြုံ ရင့်ကျက်တဲ့ လူတွေက ပြောတာရှိတယ်။ ဆက်ပြီး ကျနော်တို့ လေ့လာကြည့်တဲ့အခါမှာ အဲဒီလိုပဲ၊ ကမ္ဘာမှာ အဖြစ်မြန်တဲ့ တော်လှန်ရေးမှာတောင်မှ မနက်ဖြန် တော်လှန်ရေး အောင်မယ်ဆိုရင်တောင် ဒီနေ့ကို လက်နက်ချနေတုန်းပဲ ဆိုတဲ့ အဲဒီအခြေအနေမျိုး ရှိတယ်။

ဒါကြောင့်မို့ ကျနော်တို့ အနေနဲ့ကတော့ အားလုံးပဲ တခုလုံးကို ခြုံငုံပြီးတော့ ကြည့်တတ်ဖို့ လိုတယ်။ ကျနော်တို့ ကြည့်တတ်မှပဲ (Subjective) မဟုတ်ဘဲနဲ့ (Ob- jective) တွေကို မြင်နိုင်မယ်။ ဒီလို ကျနော်တို့ ကြည့်နိုင်ဖို့ ပြောချင်ပါတယ်။ ဒါကြောင့်မို့ နောက်ဆုံးအနေနဲ့ ကျနော် ပြောချင်တာက ဘာလဲဆိုတော့ လူ့ဘောင်သစ်ပါတီဟာ မတော်တဆ မွေးဖွားလာတာ မဟုတ်ပါဘူး၊ ၈ လေးလုံး တိုက်ပွဲထဲမှာ တကယ့် ပြင်းထန် တဲ့ လူထုတိုက်ပွဲထဲမှာ မွေးဖွားလာတာ ဖြစ်ပါတယ်။ နောက်ပြီး တော့ ၁၇ နှစ်တိတိ အစမ်းသပ်ခံ ခဲ့ပြီးပြီ။ ဒါကြောင့်မို့လို့ အစမ်းသပ်ခံခဲ့ပြီးပြီ ဆိုတဲ့အခါကျတော့ အဲဒီ ရလာတဲ့ အတွေ့အကြုံတွေအပေါ်မှာ

ပိုမိုပြီးတော့ ခိုင်ခိုင်မာမာ ချီတက်သွားနိုင်မယ်။ အများနဲ့ လက်တွဲပြီးတော့ နောက်ဆုံး ပြည်သူလူထုနဲ့အတူ အောင်ပွဲခံ သွားနိုင်မယ်လို့ ကျနော်တို့အနေနဲ့ ယုံကြည်ပါတယ်။

နောက်ဆုံး အနေနဲ့ကတော့ လူ့ဘောင်သစ်ပါတီ ၁၇ နှစ်မြောက်မှာ လူ့ဘောင်သစ်ပါတီ အနေနဲ့ကတော့ ကိုယ့်သမိုင်းတာဝန်ကို နားလည်ပြီးတော့ သမိုင် တာဝန် ကျေပွန်နိုင်ပါစေ၊ ယနေ့ပြည်သူတွေ အဓိက လိုအပ်နေတဲ့ ဒီမိုကရေစီအရေး၊ ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးမှာ ဆိုလို့ရှိရင် အရေးပါတဲ့ တာဝန်တွေကို ထမ်းဆောင်နိုင်ပါစေလို့ ကျနော် ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**(ဆရာဖဒိုမန်းရှာ ကျဆုံးခြင်း ၉ နှစ်ပြည့် အမှတ်တရစာအုပ်မှ )**

■■■



## တွေ့ဆုံဆွေးနွေးရေးဆိုတာ ဆေးဖြစ်မလား၊ ဘေးဖြစ်မလား။

### လွန်းနွေငြိမ်း

၂၀၂၄ အကုန်နဲ့ ၂၀၂၅ ဆန်းစမှာ တွေ့ဆုံဆွေးနွေးရေး ဆိုတဲ့အသံတွေ တော်တော် ကြားကြရတယ်။ ပြည်တွင်းကရော နိုင်ငံတကာကပါ ပြောကြတာ တွေ့ရတယ်။ မြောက်ပိုင်းညီနောင် ၃ ဖွဲ့ကလည်း ဒီရက်ပိုင်းမှာ ကြေညာချက်တွေ ရှေ့ဆင့်နောက်ဆင့် ထုတ်ပြီး ပြောလာကြတာ တွေ့ရပါတယ်။

တွေ့ဆုံဆွေးနွေးရေးဆိုတာ ဘာလဲ။

တွေ့ဆုံဆွေးနွေးရေးဆိုတာဟာ ပြည်သူတွေအတွက် ဆေးဖြစ်မလား၊ ဘေးဖြစ်မလား။

မေးခွန်း ၂ ခု ရှိလာပါတယ်။

### တွေ့ဆုံဆွေးနွေးရေးဆိုတာ ဘာလဲ။

ကျနော့်လေ့လာမှုအရ တွေ့ဆုံဆွေးနွေးရေးဆိုတာ နိုင်ငံရေးအရ ဖြစ်လာတဲ့ ပြဿနာတွေကို ပြဿနာဖြစ်နေတဲ့သူတွေ မျက်နှာချင်းဆိုင်ပြီး နိုင်ငံရေးအရ အကျေအလည် ဆွေးနွေးပြီး အဖြေရှာခြင်း ဖြစ်ပါတယ်။ နိုင်ငံရေးအရ ဖြေရှင်းခွင့်သာ အပြည့်အဝရခဲ့ရင် စစ်ရေးတိုက်ပွဲဆိုတာ ပေါ်လာစရာတောင် မရှိပါဘူး။

စစ်ရေးတိုက်ပွဲတွေ ဘာကြောင့် ပေါ်ခဲ့ရတာလဲ။

ပြဿနာတွေကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းခွင့်၊ ဆွေးနွေးခွင့်၊ အဖြေရှာခွင့် အုပ်စိုးသူက လုံးလုံး မပေးလို့၊ မပေးရုံတင်မကဘဲ ဆွေးနွေးအဖြေရှာဖို့ ငြိမ်းချမ်းစွာ တောင်းဆိုနေသူတွေကို အုပ်စိုးသူက လက်နက်နဲ့ အကြမ်းဖက် ဖိနှိပ်သတ်ဖြတ်လာလို့ မလွှဲမရှောင်သာ ရွေးချယ်ကြရတဲ့နည်းလမ်း ဖြစ်ပါတယ်။

စစ်ရေးနည်းလမ်းကို မလွှဲမရှောင်သာ ရွေးချယ်ခဲ့ကြရတာ ၂၀၂၁ အာဏာသိမ်းတဲ့နေ့က စတွက်ရင် ၄ နှစ်၊ လွတ်လပ်ရေးကြေညာပြီးစ ပြည်တွင်းစစ် စဖြစ်တာကနေတွက်ရင် နှစ်ပေါင်း ၇၇ နှစ် ရှိခဲ့ပြီ ဖြစ်ပါတယ်။

စစ်ရေးဆိုတာ နိုင်ငံရေးရဲ့အဆက်၊ တနည်းအားဖြင့်ဆိုရင် သွေးထွက်တဲ့ နိုင်ငံရေး ဖြစ်ပါတယ်။ ခြေတွေပြတ်ရ၊ လက်တွေပြတ်ရ၊ အသက်တွေစွန့်ရ ဘယ်သူ ရွေးချင်မလဲ။ ရန်သူက (ခေတ်အဆက်ဆက် အုပ်စိုးသူတွေ က) ဒီရွေးလမ်းကို ပြဌာန်းခဲ့ကြတာ၊ ဇွတ် တွန်းပို့ခဲ့ကြတာ ဖြစ်ပါတယ်။

## တွေ့ဆုံဆွေးနွေးရေးဆိုတာဟာ ပြည်သူတွေအတွက် ဆေးဖြစ်မလား၊ ဘေးဖြစ်မလား။

ကျနော့်အမြင် ပြောရရင် တွေ့ဆုံဆွေးနွေးရေးဟာ ၂ မျိုးလုံး ဖြစ်နိုင်တယ်။

သဘောထားမှန်မှန်နဲ့ ပြည်သူလူထုအကျိုးကို မျက်နှာမူပြီး ဆွေးနွေးရင် ဆေးဖြစ်နိုင်သလို သဘောထားမမှန်ရင်၊ ပြည်သူလူထုအကျိုးကို မျက်နှာမမူရင် သေချာပေါက် ဘေးဖြစ်မှာ ဖြစ်ပါတယ်။

ကျနော်တို့ နိုင်ငံသမိုင်းမှာ တွေ့ဆုံဆွေးနွေးရေးတွေ အကြိမ်ကြိမ် ဖြစ်ခဲ့ဖူးတယ်။ ၁၉၆၃ မှာ၊ ၁၉၈၀ မှာ၊ ၁၉၈၉ နောက်ပိုင်းမှာ၊ ၂၀၁၅ NCA ကာလမှာ၊ ၁၀၂၇ စစ်ဆင်ရေးနောက်ပိုင်း ဟိုင်ဂင် ဆွေးနွေးပွဲတွေမှာ အကြိမ်ကြိမ် ဆွေးနွေးခဲ့ကြတယ်။ ရလဒ်ဘာတွေ ရခဲ့ကြသလဲ။ ဘာတွေမှ မရခဲ့ဘူး။ ဘာကြောင့်လဲဆိုရင် အာဏာပိုင် သို့မဟုတ် အုပ်စိုးသူစစ်အုပ်စုဘက်က သဘောထားမမှန်ခဲ့လို့ ဖြစ်ပါတယ်။ စစ်အုပ်စုဘက်က ဆိတ်ခေါင်းချိတ်ပြီး ခွေးသားချည်းသက်သက် ရောင်းခဲ့ကြလို့ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးကို အရောင်ပြပြီး သူ့တပ်ကို အနားပေးတာ၊ ထိုးစစ်တွေအတွက် ပြင်ဆင်တာ၊ တော်လှန်ရေးအင်အားစုတွေကြား သွေးခွဲတာ၊ သပ်လျှိုတာ၊ အခွင့်အရေးအချို့ပေးပြီး ဖျက်ဆီးပစ်တာ၊ လူမွေးတာ၊ တပည့်မွေးတာ အကုန်လုပ်ခဲ့တယ်။ လက်နက်နဲ့ ငြိမ်းချမ်းရေးလဲတယ်ဆိုတဲ့ စကားလုံးလှလှကို ပြောဆိုပြီး လက်တွေ့ကျ လက်နက်ချခိုင်းတာ၊ တပ်ဖျက်ခိုင်းတာ၊ ပါတီဖျက်ခိုင်းတာ၊ အခြေခံဒေသ ဖျက်ခိုင်းတာတွေ လုပ်ခဲ့တာ ဖြစ်တယ်။

သတိမကောင်းတဲ့ တော်လှန်ရေးအင်အားစုတွေ အဲဒီနည်းနဲ့ ဘေးဖြစ်ခဲ့ကြရတယ်။ နိုင်ငံရေးပါ လူညွန့်တုံး သွားကြရတယ်။ သတိကြီးတဲ့ တော်လှန်ရေးအင်အားစုတွေကတော့ စစ်အုပ်စုပေးတဲ့ ဘေးက ရှောင်ထွက်နိုင်ခဲ့ကြတယ်။ ဒါဟာ ကျနော်တို့နိုင်ငံရဲ့ လက်တွေ့တွေ ဖြစ်တယ်။ သင်ခန်းစာယူကြရမယ့် သမိုင်းတွေ ဖြစ်ပါတယ်။

## ၂၀၂၅ ခုနှစ်မှာ အာဏာသိမ်းစစ်ကောင်စီ ဘာတွေ လုပ်လာနိုင်လဲ။

အခုလည်း စစ်အုပ်စုဟာ ဆိတ်ခေါင်းတွေ တောင်ချိတ် မြောက်ချိတ် စချိတ်နေပြီ ဖြစ်ပါတယ်။

မအလက သူ့အရင် စစ်အုပ်စုထိပ်သီးတွေထက် ဉာဏ်ပိုထိုင်းပြီး လောဘပိုကြီးတော့ အိန္ဒြေတောင် ဆည်ရကောင်းမှန်း မသိဘူး။ စကတည်းက ယဉ်သကို ဆိုတာလိုမျိုး “ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ရမယ်။ ပါတီထောင်ရမယ်။ ၂၀၀၈ ခြေဥအောက်မှာလုပ်မယ့် ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ရမယ်” ဆိုတာက စပြောလာတယ်။ စကားတခွန်းမှ မပြောရသေးခင်ကတည်းက လက်နက်ချခိုင်းနေတာ ဖြစ်ပါတယ်။

တိုင်းပြည် ဘက်ပေါင်းစုံပြိုကျပြီး ကျရှုံးနိုင်ငံ Failed State ဖြစ်အောင် သူကိုယ်တိုင် စက္ကန့်နဲ့အမျှ လုပ်နေပြီး အဲဒီလိုဖြစ်တာ တော်လှန်ရေးအင်အားစုတွေကြောင့်လို့ လွှဲချတယ်။ “တိုင်းပြည်နာလှပြီ။

လူထုတွေ၊ လူထုပိုင်အဆောက်အဦတွေ ဖျက်ဆီးခံနေရပြီ” ဆိုပြီး သူကိုယ်တိုင် လုပ်ထားတာကို သူများကပဲ လုပ်နေတာလိုလို အရှက်မရှိ ပြောနေတယ်။ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းကြဖို့ ဖိတ်ခေါ်သူကြီး၊ ငြိမ်းချမ်းရေး မြတ်နိုးသူကြီး စတိုင်ဖမ်းတယ်။ ဒီကြားထဲ သက်ဆိုင်သူအင်အားစုအသီးသီးကို တလေးတစား ဖိတ်ကြားဖို့ မစဉ်းစားဘဲ ဟိုလူမပါရ၊ ဒီလူမလာရ စတာတွေ လုပ်တယ်။ သူကိုယ်တိုင်က အချိန်ပြည့် အကြမ်းဖက်ရမ်းကားနေပြီး၊ ပြည်သူလူထုကို ပစ်မှတ်ထား တိုက်ခိုက်နေပြီး တော်လှန်ရေး အင်အားစု တွေဖြစ်တဲ့ NUG NUCC နဲ့ PDF တွေကို အကြမ်းဖက်သမား၊ မြောက်ပိုင်းအဖွဲ့တွေကို အကြမ်းဖက်အဖွဲ့စတဲ့ တံဆိပ်ဆိုးကို ကပ်တယ်။

၂၀၂၅ ထဲမှာ စစ်အုပ်စုက ဆက်လုပ်မယ့် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးတွေကို မှန်းဆကြည့်ရင်…

၁။ စစ်ရေးမှာ ဗုံးကြဲတိုက်ခိုက်တာ၊ လက်နက်ကြီးနဲ့ အဝေးက ရမ်းသန်းပစ်ခတ်တာတွေ ပိုလုပ်လာလိမ့်မယ်။ လူထုကို ပစ်မှတ်ထားတိုက်ခိုက်ပြီး၊ လူထုကို အပြင်းအထန် ဓားစာခံလုပ်ခိုင်းပြီး တော်လှန်ရေး အင်အားစုတွေနဲ့ ရန်တိုက်တာ၊ သွေးခွဲတာတွေ လုပ်လာလိမ့်မယ်။

၂။ နိုင်ငံရေးကတော့ တွေ့ဆုံဆွေးနွေးရေးအမည်ခံ စေ့စပ်ရေးတွေလုပ်ဖို့ နည်းမျိုးစုံနဲ့ ကြိုးပမ်းလာနိုင်တယ်။ ၂၀၀၈ ခြေဥကို ပြင်ချင်ယောင်ဆောင်ပြီး ရွေးကောက်ပွဲတခုကို လုပ်လို့ရတဲ့ နေရာအချို့မှာ မဖြစ်ညစ်ကျယ် လုပ်လာနိုင်တယ်။ ဖက်ဒရယ်စကား၊ ဒီမိုကရေစီစကား၊ ငြိမ်းချမ်းရေးစကား၊ တွေ့ဆုံဆွေးနွေးရေးစကားတွေ အမြှုပ်ထွက်အောင် တွင်တွင်ပြောပြီး စစ်အုပ်စုအာဏာတည်မြဲရေး၊ စစ်အာဏာရှင်စနစ် ဆက်လက်ရှင်သန်ရေး ဂယ်ပေါက်မှန်သမျှကနေ တိုးထွက်ဖို့ နည်းမျိုးစုံနဲ့ ကြိုးစား လာနိုင်တယ်။

၃။ စီးပွားရေးမှာ ဘယ်သူသေသေ၊ ငတေမာရင်ပြီးရောဆိုတဲ့ လမ်းကို ရွေးပြီး စစ်အုပ်စု အသက်ဆက်ရေးအတွက် စီမံခန့်ခွဲမှု အလွဲအမှားအားလုံးရဲ့ဒဏ် ပြည်သူလူထုခေါင်းပေါ် သဏ္ဍာန်အမျိုးမျိုးနဲ့ ပုံချလာလိမ့်မယ်။

**နိုင်ငံတကာကရဲ့ တိမ်းညွတ်မှုက ဘာလဲ။**

UNSC ကုလသမဂ္ဂလုံခြုံရေးကောင်စီက ၂၁၊ ၁၂၊ ၂၀၂၂ ကတည်းက ဆုံးဖြတ်ချက်အမှတ် ၂၆၆၉ (၂၀၂၂) ကို ချမှတ်ခဲ့ကြတယ်။

အနှစ်ချုပ်ကြည့်ရင်

ပစ်ခတ်တိုက်ခိုက်မှုတွေ ရပ်ပါ။ ဒေါ်စုနှင့် ဦးဝင်းမြင့်အပါအဝင် ဖမ်းဆီးထားတဲ့ နိုင်ငံရေး အကျဉ်းသား တွေ ချက်ချင်း ပြန်လွှတ်ပါ။ သက်ဆိုင်သူတွေအားလုံး ပါဝင်ပြီး မြန်မာပြည်သူတွေ အကျိုးအတွက် တွေ့ဆုံဆွေးနွေး အဖြေရှာကြပါ ဆိုပြီး တိုက်တွန်းထားတာ ဖြစ်ပါတယ်။

အာဆီယံဆိုရင်လည်း ၂၄၊ ၄၊ ၂၀၂၁ ကတည်းက ဘုံသဘောတူညီချက် ၅ ရပ် (Five Point Consensus) ကို ချခဲ့ကြတယ်။ ချုပ်လိုက်ရင် အထူးသံတမန်ထား၊ အထူးအလုပ်အဖွဲ့ ရုံးဖွင့်ပြီး လူသားချင်း စာနာ အကူအညီတွေ ထိထိရောက်ရောက် ပေးနိုင်အောင်လုပ်ဖို့နဲ့ UNSC တိုက်တွန်းချက်တွေကို အကောင်အထည် ဖော်ဆောင်ရွက်ရေး ဖြစ်ပါတယ်။

၆၊ ၁၊ ၂၀၂၅ မှာ EU, US, UK အပါအဝင် နိုင်ငံ ၉ နိုင်ငံရဲ့ ပူးတွဲကြေညာချက် ထွက်ပါတယ်။

အနှစ်ချုပ်ကတော့ မြန်မာပြည်သူတွေ လက်ရှိခံစားနေရတဲ့ ဒုက္ခသုက္ခတွေကို စာနာကြောင်း၊ စစ်ကောင်စီရဲ့ လူထုကို ပစ်မှတ်ထားတိုက်ခိုက်နေမှုတွေကို ရှုတ်ချကြောင်းတွေ ပါရှိပြီး အဲဒါတွေ အဆုံးသတ်ဖို့ဆိုရင် UNSC ရဲ့ ဆုံးဖြတ်ချက်အမှတ် ၂၆၆၉ (၂၀၂၂) အတိုင်း ဆောင်ရွက်ကြဖို့၊ အာဆီယံရဲ့ ဘုံသဘောတူညီချက် ၅ ရပ် (Five Point Consensus အတိုင်း ဆောင်ရွက်ကြဖို့ ဝိုင်းဝန်းတိုက်တွန်းထားတာ ဖြစ်ပါတယ်။

တရုတ်နိုင်ငံကလည်း ဒါကိုပဲ တလျှောက်လုံး တောင်းဆိုနေတာ ဖြစ်ပြီး မလေးရှားရဲ့ အကူအညီတောင်း နှိုးဆော်မှုအရ ထိုင်းနိုင်ငံဘန်ကောက်မှာ ဒီဇင်ဘာ ၁၉၊ ၂၀ မှာ လုပ်ခဲ့ကြတဲ့ တွေ့ဆုံပွဲတွေ ကလည်း ဒါကိုပဲ တောင်းဆိုနေကြတာ ဖြစ်ပါတယ်။ ချုပ်လိုက်ရင် နိုင်ငံတကာရဲ့ တိမ်းညွှတ်မှုက နိုင်ငံရေးအရ သက်ဆိုင်သူတွေအားလုံး ပါဝင်ပြီး တွေ့ဆုံဆွေးနွေး အဖြေရှာရေး ဖြစ်ပါတယ်။

တွေ့ဆုံဆွေးနွေးရေးအတုကို လုပ်ချင်နေတဲ့ စစ်အုပ်စုအတွက်တော့ နိုင်ငံတကာရဲ့ တိမ်းညွှတ်မှုက ရေငတ်နေတုန်း ရေတွင်းထဲပြုတ်ကျတဲ့ကိန်း ဖြစ်ပါတယ်။ သတိမဲ့စွာ၊ သတိနည်းစွာနဲ့ စစ်အုပ်စုနဲ့ ဆွေးနွေးလိုက်လို့ကတော့ ဆိုးဆိုးဝါးဝါးကြီးကို ဘေးတွေ့ကြမှာ ဖြစ်ပါတယ်။

## ဆေးဖြစ်ဖို့ဆိုရင် ဘာတွေလုပ်ဖို့ လိုအပ်မလဲ။

တွေ့ဆုံဆွေးနွေးရေးဆိုတာ သဘောထားမှန်ကန်သူတွေကြားမှာ လုပ်ရတဲ့ကိစ္စ ဖြစ်တာကြောင့် ပြည်သူတွေအတွက် ဆေးဖြစ်စေမယ့် တွေ့ဆုံဆွေးနွေးရေးမျိုးကို စစ်အုပ်စုဆီက မျှော်လင့်ဖို့ အတော်ကြီး ခက်ခဲပါတယ်။ ဒါကြောင့်လည်း "သွေးကြွေးမှာ ဆွေးနွေးစရာမရှိဘူး" ဆိုတဲ့အမြင် အခိုင်အမာ ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။

ကိုယ်ခံအားနည်းတဲ့သူတွေ၊ အားနည်းတဲ့အင်အားစုတွေ စစ်အုပ်စု ထောင်ချောက်ထဲ ကျရောက်မသွားအောင် ရန်ငါစည်းကို ပြတ်ပြတ်သားသား ချထားတဲ့၊ မူသဘောဆောင်တဲ့ ပိုင်းဖြတ်မှုလည်း ဖြစ်ပါတယ်။ သွေးစွန်းနေတဲ့လက်နဲ့ ဘယ်နည်းနဲ့မှ၊ ဘယ်လိုအကြောင်းနဲ့မှ စေ့စပ်ကြေအေးတာ မလုပ်နိုင်ဘူးဆိုတဲ့ ပြတ်သားတဲ့သဘောထား ဖြစ်ပါတယ်။

မိမိတို့ အင်အားစုအသီးသီးအနေနဲ့ ပြင်ဆင်ထားကြရမယ့်အချက် အနည်းဆုံး ၆ ချက်ရှိမယ်လို့ ကျနော် တွက်ဆမိပါတယ်။

၁။ စစ်အုပ်စုနဲ့ တွေ့ဆုံဆွေးနွေးရေးထက် စစ်အုပ်စုကို အနိုင်တိုက်ရေးကို ပိုပြီး အာရုံထား ကြိုးပမ်းကြရလိမ့်မယ်။

၂။ တော်လှန်ရေးအင်အားစုအသီးသီးကြားမှာ တော်လှန်ရေးကာလ၊ အသွင်ကူးပြောင်းရေးကာလ၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ကာလတွေအတွက် ဘုံသဘောထားတရပ် ချမှတ်ထားကြရလိမ့်မယ်။

၃။ ချမှတ်ထားတဲ့ ဘုံသဘောထားအောက်မှာ ဟန်ချက်ညီ လှုပ်ရှားမှုတွေကို ညှိနှိုင်းဆောင်ရွက်ကြရလိမ့်မယ်။

၄။ နွေဦးတော်လှန်ရေး ရည်မှန်းချက် ၃ ရပ်အပေါ် အခိုင်အမာ သစ္စာမြဲကြရပါလိမ့်မယ်။

၅။ အချိန်တခုမှာ တွေ့ဆုံဆွေးနွေးဖို့ ဖြစ်လာခဲ့ရင် စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးရေးဖြစ်နိုင်တဲ့ နိုင်ငံရေး အခင်းအကျင်းတရပ်ရှိဖို့ အနည်းဆုံး ဒီအချက် ၆ ချက် အပြည့်အဝ ရရှိဖို့ တောင်းဆိုရပါလိမ့်မယ်။

(၁) ဖမ်းဆီးထားတဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ အကုန်လွှတ်ပေးရမယ်။

(၂) ဗုံးကျဲတိုက်ခိုက်သတ်ဖြတ်နေတဲ့ အကြမ်းဖက်မှုတွေ ချက်ချင်း ရပ်ပေးရမယ်။

(၃) အပစ်အခတ်ရပ်စဲရေးကို အတိအလင်း ကြေညာပေးရမယ်။

(၄) နိုင်ငံရေးအင်အားစုတိုင်းကို လေးလေးစားစား ဖိတ်ကြားပြီး တန်းတူရည်တူ ပါဝင်ခွင့် ပေးရမယ်။

(၅) နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေး လုပ်ငန်းစဉ်အတွင်းမှာ လူထုကို အကြောင့်ကျမဲ့စွာ ပါဝင်ခွင့်ပေး ရမယ်။

(၆) မီဒီယာလွတ်လပ်ခွင့် ပေးရမယ်။

၆။ နွေဦးရည်မှန်းချက်တွေကို အပြည့်အဝ အာမခံနိုင်ဖို့အတွက် စစ်အုပ်စုအနေနဲ့ ဒီအချက် ၃ ချက်ကို သဘောတူကြောင်း ကတိပြုရပါလိမ့်မယ်။

(၁ )စစ်တပ်က နိုင်ငံရေးမှ ထွက်ရမယ်။

(၂) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာရမယ်။

(၃) အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအစီအစဉ် (Transitional Justice) ဆောင်ရွက်မှုကို လက်ခံရမယ်။

ဒီ ၆ ချက်အပေါ် အင်အားစုအသီးသီးက အခိုင်အမာရပ်ခံပြီး ဟန်ချက်ညီ လှုပ်ရှားကြမယ်ဆိုရင်တော့ တွေ့ဆုံဆွေးနွေးရေးဟာ လူမျိုးစုံပြည်သူလူထုကြီးအတွက် "ဆေး" ဖြစ်နိုင်တယ်လို့ ယူဆပါတယ်။ ။

**လွန်းနွေငြိမ်း**

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၁ ရက်

■■■




## သတိပြုသင့်တဲ့ အချက်တွေ

**ကြယ်စင်မြစ်**

မြန်မာ့နိုင်ငံရေးကို နိုင်ငံတကာက ချဉ်းကပ်ဆောင်ရွက်ရာမှာ သတိပြုသင့်တဲ့ အချက်တွေထဲက နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး ဆိုတဲ့ အချက် ၃ ချက်ကို ကျမအမြင်၊ ကျမရှုထောင့်ကနေ တင်ပြ ချင်ပါတယ်။

ပထမဆုံးအနေနဲ့ စစ်ရေးအရ ဆက်တိုက်ရှုံးနိမ့်နေပြီး နိုင်ငံရေးအရ ထွက်ပေါက်ပိတ်နေတဲ့ စစ်အုပ်စုက အတုအယောင်ရွေးကောက်ပွဲကို သူတို့ရဲ့ နိုင်ငံရေးထွက်ပေါက်အဖြစ် ကြိုးစားနေတာ တွေ့ရတယ်။ တရုတ်အပါအဝင် အိမ်နီးချင်းနိုင်ငံတချို့ရဲ့ တိုက်တွန်းနှိုးဆော်မှုတွေ၊ အားပေးကူညီမှုတွေ ကလည်း သူတို့ကို တော်တော် အားတက်စေတယ်။ ရွေးကောက်ပွဲဆိုတာက ဒီမိုကရေစီ ဖြစ်ပေါ်တိုးတက်ရေး အတွက် တကယ့်လိုအပ်ချက်ဖြစ်တယ် ဆိုတာကို ကျမတို့ လက်ခံတယ်။ သို့သော်လည်း ဒီလိုမျိုး ဒီမိုကရေစီ အခွင့်အလမ်းတွေကို ရိုက်ချိုးပစ်ခဲ့တဲ့ စစ်အုပ်စုကနေ ကျင်းပပေးမယ်ဆိုတဲ့ ရွေးကောက်ပွဲတွေတော့ မဟုတ်ပါဘူး။ ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ထားသူတွေက ဦးဆောင်ကျင်းပပေးမယ့် ရွေးကောက်ပွဲမျိုးကိုသာ ကျမတို့ လက်ခံနိုင်မှာပါ။ မင်းအောင်လှိုင်စစ်အုပ်စုက နိုင်ငံအရေးရော အခြားဘယ်လိုနည်းနဲ့မှ တရားဝင်မှုမရှိတဲ့သူတွေ ဖြစ်လေတော့ သူတို့ ကျင်းပမယ်ပြောနေတဲ့ ရွေးကောက်ပွဲဟာလည်း မတရားမဝင်တဲ့ ရွေးကောက်ပွဲ၊ အတုအယောင်ရွေးကောက်ပွဲပဲ ဖြစ်တယ်။ ဒါကို ကျမတို့ လက်ခံလိုက်လို့ မရပါဘူး။ ဒီရွေးကောက်ပွဲကို လက်ခံလိုက်ရင် ကျမတို့နိုင်ငံရဲ့ အလားအလာ အကျိုးဆက်တွေက မတွေးဝံ့စရာ ဖြစ်လာပါလိမ့်မယ်။

၂၀၀၈ ခြေဥပဒေမှာ စစ်အုပ်စုက 'ဟ'ပေးထားတဲ့ ယိုပေါက်တွေ ရှိတယ်။ အဲ့ဒီ ယိုပေါက်တွေအရ ဗိုလ်မင်းအောင်လှိုင်ဖြစ်စေ သို့တည်းမဟုတ် စစ်အုပ်စုကို လိုလားထောက်ခံတဲ့၊ စစ်အုပ်စုက လိုလား ထောက်ခံတဲ့ တဦးတယောက်ဖြစ်စေ နိုင်ငံ့အကြီးအကဲသမ္မတ ဖြစ်သွားနိုင်တယ်။ အဲ့ဒါဆိုရင် ကျမတို့နိုင်ငံ အခြေအနေက အများအမြင်မှာ ရွေးကောက်ပွဲ ဖြစ်သွားတယ်၊ လွှတ်တော် ပေါ်လာတယ်၊ လွှတ်တော်က တင်မြှောက်လိုက်တဲ့ သမ္မတရှိတယ် ဆိုပေမယ့် တကယ်တမ်းမှာ နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှုကို အထောက် အကူပြုစေမှာ မဟုတ်ပါဘူး။ ခေတ္တခဏတော့ တည်ငြိမ်သယောင် ရှိနိုင်ပေမယ့် သိပ်မကြာခင်မှာ ဒီထက် ပိုဆိုးတဲ့ သွေးချောင်းစီးမှုတွေ ဖြစ်လာလိမ့်မယ်ဆိုတာ ကျမတို့နိုင်ငံရဲ့ သမိုင်းအစဉ်အဆက်မှာ ရှိခဲ့ပြီး ဖြစ်တယ်။ အခု ဗိုလ်မင်းအောင်လှိုင်တို့ ချိန်ဆနေတဲ့ ကိစ္စကတော့ မဲအများစုနဲ့ အနိုင်ရခဲ့တဲ့ နိုင်ငံရေးပါတီ တွေက ရွေးကောက်ပွဲဝင်ဖို့ မှတ်ပုံပြန်မတင်တဲ့ကိစ္စတွေ၊ စစ်အုပ်စုရဲ့ နိုင်ငံရေးအရ တရားဝင်မှုမရှိတဲ့ ကိစ္စတွေကို ချိန်ဆနေတာ ဖြစ်တယ်။ အဲ့လိုဆိုတော့ နိုင်ငံရေးအရ တရားဝင်မှုမရှိတဲ့ စစ်အုပ်စုကို ကူညီ ထောက်ပံ့နေခြင်းဟာ ကျမတို့နိုင်ငံရဲ့ အခြေအနေကို ပိုဆိုးစေလိမ့်မယ်၊ စစ်အုပ်စုကို စစ်ရာဇဝတ်မှုတွေ ဆက်ပြီး လက်ရဲဇက်ရဲ ကျူးလွန်ဖို့အတွက် အားပေးကူညီရာ ရောက်တယ်ဆိုတာ ထောက်ပြချင်တယ်။

နောက်တချက် တင်ပြချင်တာကတော့ စီးပွားရေးပါ။ စီးပွားရေးဆိုတဲ့နေရာမှာ လက်ရှိအခြေအနေကို အားလုံးလည်း မြင်ကြသိကြတယ်။ ကျမတို့နိုင်ငံမှာ ငွေကြေးကို တည်ငြိမ်အောင် ထိန်းသိမ်းနိုင်တဲ့ အခြေအနေမျိုး မရှိဘူး။ ကြက်ဥတလုံးကို ဘယ်လောက်၊ ဘူးသီးတစိတ်ကို ဘယ်လောက်ဆိုပြီး မကြားဖူး၊ မကြုံဖူးတဲ့ ဈေးနှုန်းတွေ ဖြစ်နေတယ်။ ငွေကြေးဈေးကွက်မှာဆိုရင်လည်း မြန်မာငွေရဲ့ ဒီနေ့လဲနှုန်းနဲ့ မနက်ဖြန်လဲနှုန်း မတူဘူး။ ငွေကြေးတန်ဖိုး တနေ့တခြား ကျဆင်းလျက် ရှိတယ်။ စစ်အုပ်စုက စီးပွားရေးလုပ်ငန်းရှင်တွေကို အမျိုးမျိုး ဖိအားပေးပြီးတော့ ငွေတန်ဖိုး ဆွဲတင်လိုက်လည်း ခဏပါပဲ။ သိပ်မကြာခင်မှာ တန်ဖိုးပြန်ကျသွားတာပါပဲ။ မြန်မာနိုင်ငံရဲ့ အခြေအနေက စစ်အာဏာရှင်စနစ် ရှိနေသေးသ၍ တည်ငြိမ်ဖို့ဆိုတာ တော်တော်ကို ခက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံအတွင်းမှာ ရှိတဲ့ တိုင်းရင်းသားလူမျိုးတွေ အားလုံးက၊ ဒီမိုကရေစီလိုလားသူ အားလုံးနီးပါးက လက်နက်စွဲကိုင်ပြီးတော့ စစ်အာဏာရှင်ကို တော်လှန်နေကြတယ်။ တရားသောစစ်ကို ဆင်နွှဲနေကြတယ်။ စိတ်ဓာတ်စွမ်းရည်ရော၊ တိုက်စွမ်းရည်ရောကျနေတဲ့ စစ်အုပ်စုက သူ့ကို ကူညီနေသူတွေကြောင့် ပြန်အားတက်လာပြီး လူမဆန်တဲ့ ကိစ္စတွေ ဆက်ကျူးလွန်နေမယ်ဆိုရင် ပြည်တွင်းရေးက ပိုပြီးတော့ မတည်မငြိမ် ဖြစ်လာမှာပါ။ အဲ့လိုဆိုရင် နိုင်ငံ့စီးပွါးရေးကလည်း ဘယ်လိုမှ တည်ငြိမ်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ စစ်အုပ်စုကို အားပေး အားမြှောက်ပြုတယ်။ ကူညီတယ်ဆိုတာက နိုင်ငံရဲ့ ရေရှည်တည်ငြိမ်ရေးနဲ့ စီးပွါးဖွံ့ဖြိုးတိုးတက်ရေး ကို ဘယ်လိုမှ အထောက်အကူမပြုဘူးဆိုတဲ့ အချက်ကိုလည်း ထောက်ပြချင်တယ်။

နောက်တချက်ဖြစ်တဲ့ ငြိမ်းချမ်းရေးမှာ ဆိုရင်လည်း တနိုင်ငံလုံးနဲ့ စစ်အုပ်စုနဲ့ ဖြစ်နေတဲ့ကိစ္စ ဖြစ်တယ်။ အဲ့လို အခြေအနေမျိုးမှာ ဗိုလ်မင်းအောင်လှိုင်တို့ ပြောနေတာတွေကို လေ့လာဆန်းစစ်ကြည့်ရင် နိုင်ငံရဲ့ ငြိမ်းချမ်းရေးကို ဦးတည်နေတာ မဟုတ်ကြောင်း တွေ့ရလိမ့်မယ်။ အကြမ်းဖက်တွေလို့ သူတို့ အမြဲပြောနေတဲ့ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအင်အားစုတွေ၊ ပီဒီအက်ဖ်တွေကို လာခဲ့ဖို့ ခေါ်တယ်။ သို့သော်လည်း သူတို့ပြောချင်တာက ဘာလဲ။ လက်နက်ဖြုတ်၊ ပါတီထောင်၊ သူတို့နဲ့စကားပြော

ဒါမျိုးတွေဖြစ်တယ်။ ဒါက ငြိမ်းချမ်းရေးကို တကယ်တမ်း ဖော်ဆောင်ချင်တဲ့ ပုံစံမဟုတ်ဘူး။ လက်နက်ချခိုင်းတာ ဖြစ်တယ်။ ဒါမျိုးတွေ အရင့်အရင်တုန်းကလည်း ဗိုလ်နေဝင်းလက်ထက်ကတည်းက စစ်အုပ်စုအမြဲလုပ်ခဲ့တယ်။ အဲ့လိုလုပ်ပြီး ဘယ်တုန်းကမှလည်း ငြိမ်းချမ်းရေးမရခဲ့ဘူး။ ငြိမ်းချမ်းရေးကို ဖော်ဆောင်ချင်တဲ့ စိတ်ဆန္ဒ စစ်တပ်မှာ ဘယ်တုန်းကမှ မရှိခဲ့ဘူးဆိုတာကို တွေ့နိုင်တယ်။ ဒါကြောင့်မို့လို့ အနှစ်သာရမရှိတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို ဖော်ဆောင်မယ်ဆိုရင်လည်း ကျမတို့နိုင်ငံမှာ တကယ့်ငြိမ်းချမ်းရေးအစစ်ကို ရလာမှာ မဟုတ်ပါဘူး။ ခေတ္တခဏတော့ စကားပြောနေတဲ့အချိန်မှာ ငြိမ်းချမ်းသယောင်ရှိမယ်။ ဒါပေမယ့် သူတို့လိုချင်တဲ့ အချက်အလက်တွေကို တဖက်စီးနင်း၊ နိုင်ထက်စီးနင်း ပြောနေ၊ ဆိုနေ၊ လုပ်နေ၊ ကိုင်နေတာတွေနောက်မှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ပျက်ပြားသွားတာ ထုံးစံပါပဲ။ ပြီးခဲ့တဲ့ အစိုးရလက်ထက်မှာလည်း NCA ဆွေးနွေးပွဲတွေမှာ စစ်ဗိုလ်တွေရဲ့ မောက်မာရိုင်းစိုင်းမှုတွေကို အဲ့ဒီဆွေးနွေးပွဲ တက်ရောက်သူတွေကိုယ်တိုင် ကြုံတွေ့ရခဲ့ပြီး ဖြစ်တယ်။ သူတို့ပြောတဲ့ အချက်အလက်တွေ ကို မရရင် ခုံကို ထုပြီးတော့ စားပွဲဝိုင်းက ထွက်သွားတယ်။ သူတို့လိုချင်တဲ့ အချက်တွေကို အတင်းအဓမ္မ တောင်းဆိုတယ်၊ နိုင်ထက်ကလူပြုမူတယ် ဆိုတာကို တွေ့ကြုံခဲ့ရပြီး ဖြစ်တယ်။ လက်နက်အားကိုးနဲ့ အနိုင်အထက်ပြုချင်တဲ့ စစ်အာဏာရှင်စနစ်ကို မချေမှုန်းနိုင်သေးသရွေ့တော့ ကျမတို့နိုင်ငံမှာ တကယ့် ငြိမ်းချမ်းရေးကို ရလာမှာ မဟုတ်ပါဘူး။

ခုနက ကျမပြောခဲ့တဲ့ အချက်တွေကို ပြန်ချုပ်ကြည့်ကြရအောင်ပါ။ ဒီတော်လှန်ရေးမှာ နွေဦးအင်အားစုတွေ၊ နိုင်ငံရေးအဖွဲ့အစည်းတွေက သေသေချာချာ ပြောနေတဲ့ ရည်မှန်းချက်သုံးရပ် ရှိတယ်။ စစ်အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အပြီးတိုင် ဖျက်သိမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးတို့ ဖြစ်တယ်။ အဲ့လို ဆောင်ရွက်နိုင်ဖို့ဆိုတာက စစ်အာဏာရှင်စနစ်ကို အမြစ်ဖြတ်ချေမှုန်းနိုင်ရမယ်။ အကြွင်းအကျန်ရှိရင်တောင် မရပါဘူး။ ဒီလို ပြောနေတာက စစ်တပ်ကို တစစီပြိုကွဲသွားဖို့၊ ဒေသအတွင်း မတည်မငြိမ်ဖြစ်ဖို့အတွက်ကို ရည်ရွယ်ပြောဆိုနေတာ မဟုတ်ဘူး။ နိုင်ငံရေးမှာ စစ်တပ်ပါဝင်မှု မရှိရဘူးဆိုတဲ့ အချက်ကိုသာ ပြောဆိုနေတာ ဖြစ်တယ်။ ဒီမိုကရေစီနည်းကျ နိုင်ငံတွေမှာ ဘယ်နိုင်ငံမှာမှ စစ်တပ်က နိုင်ငံရေးမှာ ဝင်ပါနေတာ မရှိဘူး။ ဒါကြောင့်မို့ နိုင်ငံရေးမှာ စစ်တပ်ဝင်မပါဖို့ လိုတယ်။ ကျမတို့ ငြိမ်းချမ်းရေးအတွက် စကားပြောကြမယ်၊ ဆိုကြမယ်ဆိုရင် နိုင်ငံရေးကနေ စစ်တပ်ထွက်ခွာမယ်ဆိုတဲ့ အခြေအနေမျိုး မရမချင်း၊ ခိုင်မာတဲ့ ကတိကဝတ်မရမချင်း ရှေ့ဆက်ပြီး လုပ်ကိုင်ဆောင်ရွက်ဖို့ ခက်လိမ့်မယ် ဆိုတဲ့အချက်ကို သေသေချာချာ သတိပြုဖို့ လိုတယ်။ တွေ့ဆုံဆွေးနွေးရေးကိစ္စတွေ၊ ငြိမ်းချမ်းရေးကိစ္စတွေ၊ ရွေးကောက်ပွဲဆိုတဲ့ကိစ္စတွေကို ကျမတို့က အကြောင်းမဲ့ ငြင်းပယ်နေတာ၊ ငြင်းဆန်နေတာ မဟုတ်ဘူး။ နိုင်ငံရေးမှာ စစ်တပ် ဝင်မပါတဲ့ အခြေအနေတရပ်ကို ဖော်ဆောင်နိုင်ဖို့ ပြောဆိုတိုက်တွန်းနေတာ ဖြစ်တယ်။ တောင်းဆိုနေတာ ဖြစ်တယ်။ တိုက်ပွဲဝင်နေတာ ဖြစ်တယ်။ အဲ့ဒါကို နိုင်ငံတကာမှာရှိတဲ့ အစိုးရတွေ၊ အဖွဲ့အစည်းတွေကလည်း သိနားလည်ဖို့ လိုပါလိမ့်မယ်။

နောက်တချက် ထပ်ပြောချင်တာကတော့ ကျမတို့နိုင်ငံဟာ ဟိုးအရင် နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေးခတ်က စပြီးတော့ ခေတ်အဆက်ဆက်မှာ လူထုပါဝင်မှုအားကောင်းခဲ့တဲ့နိုင်ငံ ဖြစ်တယ်။ ခုအချိန်မှာ ပိုပြီးတော့တောင် အားကောင်းတဲ့အခြေအနေကို တွေ့ရမှာပါ။ ဒီလိုမျိုး လူထုပါဝင်မှု

အားကောင်းတဲ့ နိုင်ငံတရပ်မှာ အာဏာရှိသူကိုသာ ဦးတည်ပြီးတော့ ချဉ်းကပ်တယ်၊ ဆွေးနွေးတယ်၊ စည်းရုံးတယ်၊ ပြောဆိုတယ်၊ ဆောင်ရွက်တယ်ဆိုတာက တော်တော်ကို လွဲမှားတဲ့ မဟာဗျူဟာဖြစ်တယ်။ ပြည်သူလူထုက ဘာတွေ တောင်းဆိုနေသလဲ၊ ဘာတွေကို အလိုရှိနေတာလဲ၊ ဘာအတွက် တိုက်ပွဲဝင်နေကြတာလဲဆိုတဲ့ အချက်အလက်ကို သေသေချာချာ ဆုပ်ကိုင်ပြီးတော့ အရင်းအမြစ်ကို မလိုက်ဘူးဆိုရင်တော့ ရေလိုက်လွဲတဲ့ ငါးတွေလို ဖြစ်လိမ့်မယ်။ ဖြစ်ပေါ်လာမယ့် အကျိုးဆက်တွေက စစ်အုပ်စုကို အားပေးအားမြှောက်ပြုတဲ့ နိုင်ငံတွေကလည်း မျှပြီးတော့ ခံစားရမှာ ဖြစ်တယ်။ ကျမတို့နိုင်ငံရဲ့ ပြည်တွင်းရေးတည်ငြိမ်ရေးဆိုတာ ကျမတို့ အလိုချင်ဆုံးဖြစ်တယ်။ သို့သော်လည်း စစ်အာဏာရှင်စနစ် ရှိနေသမျှတော့ ငြိမ်းချမ်းရေးတို့၊ တည်ငြိမ်ရေးတို့ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး။ ဒါကြောင့်မို့လည်း ရေရှည်ကိစ္စတွေကို တွေးဆ ချင့်မျှော်ပြီးတော့ ပြည်သူလူထုဘက်က၊ ဒီမိုကရေစီအင်အားစုတွေဘက်က၊ တော်လှန်ရေးအင်အားစုတွေဘက်က ရပ်တည်ပြီး ပူးပေါင်းပါဝင်ပေးကြဖို့ နိုင်ငံတကာအင်အားစုတွေ၊ အစိုးရတွေကို တိုက်တွန်းတောင်းဆိုချင်ပါတယ်။

**ကြယ်စင်မြစ်**

■■■




## ပြည်သူသည် သမိုင်း၊ သမိုင်းသည် ပြည်သူ

### ရဲဘော်ထွန်းမောင်

ယနေ့ ပြည်သူ့တော်လှန်ရေးသည် သန်း ၅၀ ကျော် လူမျိုးစုံ ပြည်သူတို့က တဖက် စစ်အာဏာရှင်စနစ်ကို အကာအကွယ်ပြုသည့် စစ်အုပ်စုနှင့် လက်ပါးစေအပေါင်းအပါတို့က တဖက်၊ အပြီးအပြတ် သူသေကိုယ်ရှင် အနိုင်တိုက်ကြသည့် ပြည်သူ့စစ်ပွဲဖြစ်သကဲ့သို့ ဟောင်းနွမ်းဆွေးမြေ့ ပုပ်သိုးနေသော လူ့အဖွဲ့အစည်း ဟောင်းမှသည် သစ်လွင်တောက်ပ တိုးတက်သော လူ့ဘောင်အဖွဲ့အစည်းသစ်သို့ ပြောင်းလဲပစ်မည့် ခေတ်စနစ်ပြောင်း တော်လှန်ရေးလည်း ဖြစ်သည်။

ဗိုလ်နေဝင်း စစ်အင်ပါယာ စတင်ထူထောင်ခဲ့သည်မှ ခုလက်ရှိ ဗိုလ်မင်းအောင်လှိုင်အချိန်အထိ အဆက်ဆက် ဖြန့်ကျက် တည်ဆောက်ခဲ့သော စစ်အင်စတီကျူးရှင်းကြီး တစုံလုံးအား ဗမာပြည် လူမျိုးစုံပြည်သူတို့က အပြီးတိုင် ရိုက်ချိုးဖျက်ဆီး မြေမြှုပ် သင်္ဂြိုဟ်ပစ်မည့်  သမိုင်းရေးဆိုင်ရာ ပြည်သူ့စစ်ပွဲကြီးလည်း ဖြစ်သည်။ လူမျိုးစုံပြည်သူတရပ်လုံး ပါဝင်တိုက်ခိုက်သည့် စစ်ပွဲဖြစ်၍ ရန်သူစစ်အုပ်စုအနေနှင့် ကျဆုံးဖို့ရာသာ အကြောင်းရှိသည်။ သုံးနှစ်ကျော် လေးနှစ်ကြာ ရေရှည်စစ်ပွဲ ဖြစ်လာသည်တွင် ပြည်သူ့ထောက်ခံမှု လုံးလုံးမရရှိသည့် စစ်အုပ်စုသည် အနေးအမြန် လုံးဝဥဿုံ ကျရှုံး ပျက်စီးရမည်မှာ ဧကန်မုချဖြစ်သည်။

စစ်အုပ်စုသည် လက်နက်အင်အား၌ တော်လှန်ရေးအင်အားစုများထက် သာလွန်သည် ဆိုနိုင်သော်ငြား စိတ်ဓာတ်ပိုင်းဆိုင်ရာအရ ဘုန်းဘုန်းလဲ ချွတ်ခြုံကျနေပြီ ဖြစ်သည့်အတွက် ပြန် နာလန်ထစရာ အကြောင်း မရှိတော့ဘဲ စစ်မြေပြင်လက်တွေ့၌ တိုက်တိုင်း ရှုံးနိမ့်နေသည်က ပကတိအမှန်တရား ဖြစ်သည်။ သို့ကြောင့်ပင် မြေပြင်ကြည်းတပ် တိုက်ခိုက်မှု မလုပ်နိုင်တော့ဘဲ ဝေဟင်လေကြောင်း ဗုံးကြဲတိုက်ခိုက်မှု ဖြင့်သာ ပြည်သူတို့အား ကြမ်းကြုတ်ရက်စက်စွာ လက်တုံ့ပြန်နေသည့် အခြေအနေဖြစ်သည်။

လူမျိုးစုံ ပြည်သူလူထုတို့အနေဖြင့် တော်လှန်ရေးထဲသို့ ဝင်ရောက်လာခဲ့ကြခြင်းမှာ အခက်အခဲများသည် ယာယီမျှသာဟု ပေါ့ပေါ့တွေးပြီး ပေါ့ပေါ့ဝင်ခဲ့ကြခြင်း မဟုတ်ပါ။ သူတို့ယုံကြည်ချက်အတွက် မည်သည့် အခက်အခဲကိုမဆို ရင်ဆိုင်ရန် ပိုင်းဖြတ်၍ ဝင်ရောက်လာခဲ့ကြခြင်းသာ ဖြစ်သည်။ ပြည်သူတို့သည် တောက်ပသစ်လွင်သည့် အနာဂတ်ကို မျှော်လင့်သည်။ စစ်အာဏာရှင်ကို အမုန်းကြီး မုန်းသည်၊ စက်ဆုပ်ရွံရှာမှု အတိပြီးသည်။ ဤမျှော်လင့်ချက်၊ ဤအမုန်းကြောင့်ပင် ပြည်သူတို့သည် တော်လှန်ရေး အတွင်းသို့ ခြေစုံပစ်ဝင်လာကြကာ စိတ်ဓာတ်စွမ်းအားကို အရှိန်အဟုန်ဖြင့် လွှတ်ခဲ့ခြင်းဖြစ်သည်။ ထို စိတ်ဓာတ်စွမ်းအားသည် ပြည်သူတို့၏ ဆန္ဒပြင်းပြမှု နက်ရှိုင်းလှပြီး အဏုမြူ၏ စွမ်းအင်တမျှ ကြီးမား သည်။ သို့ပိုင်းဖြတ် ချက်နှင့် စိတ်ဓာတ်စွမ်းအားကပင် တော်လှန်ရေးအောင်မြင်ကြောင်းဖြစ်ပြီး အောင်ပွဲဆီသို့ မမိုတ်မသုဉ် အရောက်ချီတက် ခေါ်ဆောင်သွားပေလိမ့်မည်။

လူထု၏ ခံစားချက်သည် ထာဝရ အဓိကဖြစ်သည်။ လူထု၏ခံစားချက်၊ မျှော်လင့်ချက် စသည်တို့သည် ပကတိ လူမှုအသိုက်အဝန်း၏ ခံစားချက်ကို ရောင်ပြန်ထင်ဟပ် ဖော်ပြသည် ကြောင့် ဖြစ်သည်။ လူထုကို မျက်နှာမူသည့်၊ ဗဟိုပြုသည့် စဉ်းစားချက်၊ အတွေးအမြင် စသည် ရှင်သန်အားကောင်းရေးသည် ခေတ်နှင့် လျော်ညီသည့် တိုးတက်အောင်မြင်ရေး လမ်းကြောင်း ဖြစ်သည်။ လူ့အဖွဲ့အစည်းတရပ်ဆီသို့ ရှေ့ရှုသွား နိုင်ပေသည်။ ပြည်သူကို ကိုယ်စားပြု အခြေမခံသည့် နိုင်ငံရေး၊ စစ်ရေး မှန်သမျှတို့သည် ဧကန်မုချ မလွဲမသွေ ကျဆုံးရမည် ဖြစ်သည်။ ပြည်သူသာ အမိ၊ ပြည်သူသာ အဖ ဆိုသကဲ့သို့ မကုန်ခမ်းသည့် ပြည်သူ့စွမ်းပကား ကသာ အလုံးစုံ လွတ်မြောက်မှု သမိုင်းစာမျက်နှာသစ်ကို အမှန်တကယ် ရေးထိုး ဖွင့်လှစ် လိမ့်မည် ဖြစ်သည်။ ပြည်သူသည် သမိုင်း၊ သမိုင်းသည် ပြည်သူ ဖြစ်သည်။

ယခုကာလတွင် အဖိနှိပ်ခံလူမျိုးပေါင်းစုံပြည်သူများသည် ပြည်သူ့သားကောင်း သမီးကောင်း များပီပီ ရောက်ရှိသော အရပ်ဒေသတိုင်း၌ လူထုနှင့်အတူ တသားတည်းရပ်တည်ကာ မှန်ကန်တိကျသော စည်းမျဉ်းစည်းကမ်း ရှိခြင်းနှင့်အတူ ခိုင်ကျည်ပြတ်သားသည့် နိုင်ငံရေးအတွေးအခေါ်တရပ်ကို ကျစ်လစ်တိပ ဆုပ်ကိုင်ကာ ရန်သူဖက်ဆစ်ကောင်များအား တိုက်ခိုက်ချေမှုန်း သုတ်သင် ပစ်ရမည့် အချိန်ဖြစ်သည်။ ပြည်သူကို အလုပ်အကျွေးပြုခြင်းဖြင့် ပြည်သူ၏ အားကိုးယုံကြည် ချစ်ခင်ခြင်းကို အရယူတည် ဆောက်ကြရ မည် ဖြစ်သည်။ ထို့အပြင် လူကို သေစေနိုင်သော လက်နက်များ ကိုင်ဆောင်ထားသည့်အတွက် စိတ်ဘဝင် မြင့်သော ရောဂါအခြေအနေမျိုး ဖြစ်ပေါ်တတ်ခြင်းအား နိုင်ငံရေးအတွေးအခေါ်ကသာ တည်ငြိမ်အောင် ချုန်း အုပ် ထိန်းချုပ်နိုင် မည်ဖြစ်သည်။

လွတ်မြောက်ရေးတိုက်ပွဲများအတွင်း ပြင်ဆင်လုပ်ဆောင်ကြရာတွင် လူမျိုးအချင်းချင်း၊ လူတန်းစား အချင်းချင်း မကွဲသင့်သည့် အချိန်တွင် မကွဲထိုက်သည့်သူများနှင့် မကွဲ'ကွဲအောင် စစ်အုပ်စုနှင့် လက်ဝေခံ အပေါင်းအပါများက နည်းသဏ္ဍာန်စုံဖြင့် လုပ်ကြလိမ့်မည်။ ပြည်သူ့ဘက်သား အင်အားစုအမည်ခံ၊ အသွင်ဆောင်ယူထားသည့် ဖက်ဆစ်လက်ပါးစေ လက်နက်ကိုင်အုပ်စုများ၏ တော်လှန်ရေးအပေါ် သရုပ် ဖျက်၊ ပြည်သူထောက်ခံမှု လျော့ပါး ကျဆင်းစေရေး အော်ဂလီဆန်သည့် အဖျက်အမှောက် လုပ်ရပ်များကို ပြည်သူ့သားကောင်း တော်လှန်ရေးသမားများအနေဖြင့် အထူးသတိချပ် ကိုင်တွယ်ကြ ရပေမည်။

## သမိုင်းအရိပ်

သမိုင်းကို ကြည့်မြင်လေ့လာသည့်နေရာတွင် ဖြစ်စဉ်များအနေဖြင့်သာ ကြည့်မြင်ရန် လိုအပ်ပါသည်။ သမိုင်းကို ပြန်လည်ပြီး ဝမ်းနည်းတမ်းတနေရန် မဟုတ်။ သမိုင်း၏ သင်ခန်းစာ များကိုယူပြီး လက်ရှိ မျက်မှောက် ဖြစ်ပျက်နေသည့်အခြေအနေနှင့် ကိုက်ညီအောင် မည်ကဲ့သို့ ဆောင်ရွက်ရမည်ဆိုသည်ကို သင်ခန်းစာယူရန် ဖြစ်သည်။ ဗမာပြည်၏သမိုင်းကို ပြန်သုံးသပ်ကြည့်ပါက လွတ်လပ်ရေးရယူချိန် အာဏာရ ဖဆပလအစိုးရ သည် ဗြိတိသျှဆီမှ လက်ဝေခံ ဓနရှင်လမ်းကြောင်းအတိုင်းသာ ဆက်သွားရေးကို လက်လွှဲရယူခဲ့သည်။ ယင်းလမ်းကြောင်းသည် ၁၉၅၈ အိမ်စောင့်အစိုးရ အမည်တပ် ပထမဦးဆုံးအကြိမ် စစ်အာဏာသိမ်းလိုက် ကတည်းက စ၍ ၆၂ စစ်အင်ပါယာထူထောင်ခြင်းနှင့် ယနေ့ စစ်လက်ဝါးကြီး အုပ် ဓနရှင်လူတန်းစားထိတိုင်ဟု ဆိုနိုင်မည့် ဆိုးဝါးလှသည့် အကျိုးဆက်ဖြစ်သည်။

စစ်ဗျူရိုကရက်ဓနရှင် လူတန်းစားတို့၏ အဘိဓာန်၌ လူထုလှုပ်ရှားမှု၊ ကျောင်းသားဆန္ဒပြပွဲ၊ ဖိနှိပ် ချုပ်ချယ်မှုကို ကန့်ကွက်ခြင်း၊ အခွန်လျှော့ပေါ့ကောက်ခံရန် တောင်းဆိုခြင်း၊ လွတ်လပ်ခွင့်ကို တောင်းဆိုခြင်း၊ သွေးစုပ်ခြယ်လှယ်မှုတို့ကို ပိတ်သိမ်းရန် တောင်းဆိုခြင်း စသဖြင့် ... တိုးတက် သည့် စကားများကိုပြောခြင်း၊ တိုးတက်သည့် လုပ်ငန်းများကိုလုပ်ခြင်း စသည်' စသည်တို့ အားလုံး ကို ကွန်မြူနစ်ဝါဒဟု အဓိပ္ပါယ်ဖွင့်ကာ ပြည်သူတို့၏ အတွေးများ၊ မျှော်လင့်ချက်များ၊ တောင်းဆိုချက်များကို ကြမ်းကြမ်းတမ်းတမ်း ရက်ရက် စက်စက် ချေမှုန်း ဖြိုခွဲပစ်လေ့ရှိသည်။

အမှန်ဆိုရပါမူ ကွန်မြူနစ် ဆိုသူများသည် စိတ်အားထက်သန်၍ ဇွဲရှိသည့် တော်လှန်ရေး သမားများဟု ဆိုရမည်ဖြစ်သည်။ သူတို့၏ ကောင်းခြင်းတရပ်မှာ အမှားတခုကိုမြင်သည်နှင့် ထိုအမှားကို ချက်ချင်းအသိ အမှတ်ပြုကာ ပြင်ခြင်းဖြစ်သည်။ လေ့လာလိုစိတ် ရှိသည်။ နှိမ့်ချမှုရှိသည်။ ပြည်သူ့အကျိုးဆောင်လိုသည့် ပြည်ချစ်ဝါဒီများဖြစ်ကြသည်။ မြန်မာ့သမိုင်း၌ ထင်ရှားသည့် ကျောင်းသားခေါင်းဆောင်၊ နိုင်ငံရေးသမား အများစုသည်ပင် ကွန်မြူနစ် အတွေး အခေါ် အယူအဆရှိသူများ ဖြစ်ကြသည်။

## ဖုတ်လှိုက်လာသည့် စစ်ကောင်စီ

၂၀၂၁ စစ်တပ်က အာဏာသိမ်းယူ အုပ်ချုပ်ခဲ့သည့်အချိန်မှစပြီး ယနေ့အချိန်ထိ စစ်ခေါင်းဆောင် သည် စစ်ရေးမျက်နှာစာ၌ အကြီးအကျယ်၊ ဝက်ဝက်ကွဲ ရှုံးနိမ့်ကျဆုံးရုံတင်မကဘဲ နိုင်ငံရေးနှင့် သံတမန်ရေး အပါအဝင် အဘက်ဘက်၌ အထီးကျန်နေပြီး၊ သုံးနှစ်ကျော်ကာလအတွင်း ကျဆုံးနိုင်ငံလမ်းကြောင်းပေါ် တိုင်းပြည်အား တွန်းပို့ခဲ့သူ ဖြစ်သည်။ တိုင်းပြည်အာဏာ ဆက်လက် ချုပ်ကိုင်ခွင့် မိမိ၌ မရှိတော့ပါက တိုင်းပြည်နှင့် လူမျိုးအား မီးကုန်ယမ်းကုန် ဖျက်ဆီးပျက်သုဉ်းသွား ရန် အစွမ်းကုန် ကျားကုတ်ကျားခဲ လုပ်ဆောင်သွားတော့မည် ဖြစ်သည်။ အခြားတဖက်တွင်လည်း စစ်ကောင်စီ၏ နိုင်ငံရေးအဆောက်အဦသည် ဘက်ပေါင်းစုံမှ တပြိုင်တည်း ပြိုကွဲနေသည်။ ပြိုကွဲပျက်စီးမှုသည် တအိအိနှင့် လျင်မြန်ခြင်း မရှိသေး။ ပြည့်စုံခြင်း မရှိသေး။ အပြင်ပန်း အားဖြင့်ကြည့်လျှင် ဘာမှ ပြောင်းလဲသည် မထင်ရ။ သို့ရာတွင် ယခင်နှင့် မကြဲဖူးအောင် ဖြစ်နေ သည်။ တကယ်လက်တွေ့၌လည်း စစ်အုပ်စု၊ စစ်ကောင်စီ ဖက်ဆစ်ထိပ်သီး

လူရမ်းကားအားလုံး ခြေမကိုင်မိ လက်မကိုင်မိ၊ မထွေးနိုင် မအန်နိုင်၊ တံကျင်လျှိုထားခံရသလို အသက်ရှူ ရပ်မည့် အခြေအနေသို့ လုံးလုံးလျား ကျရောက် ရင်ဆိုင်နေရပြီလည်း ဖြစ်သည်။

တချိန်တည်းဆိုသကဲ့ ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ထိုင်းနှင့် တခြားနိုင်ငံများက စစ်တပ်ကို ဝင်ငွေရအောင်၊ လေယာဉ်၊ ဒရုန်းနှင့် တခြား လက်နက်များရအောင်၊ လေယာဉ်ဆီများရအောင် လုပ်ပေးနေကြသလို သံတမန်ထောက်ခံမှုအားဖြင့်လည်း စစ်တပ်က ပြည်သူအပေါ် နေ့စဉ်ရက်ဆက် လေကြောင်းမှ ပြင်းအားမြင့် ဗုံးများဖြင့် ဗုံးကြဲသတ်ဖြတ်နေသော ကြီးလေးသည့် ရာဇဝတ် ပြစ်မှု ကျူးလွန်ခြင်းများကို ကွယ်ကာပေး နေကြသည်။

လတ်တလောအားဖြင့် တရုတ်သည် နိုင်ငံတွင်းရှိ ၎င်းတို့၏ ပရောဂျက်များ၊ အကျိုးစီးပွားများအား ကာကွယ်နိုင်ရေးအတွက် မြန်မာနှင့် ပူးတွဲ လုံခြုံရေးကုမ္ပဏီတခု ထူထောင်ရန် အဆိုပြုလာခဲ့ပြီ ဖြစ်သည်။ “ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး ” ဟု တချိန်လုံး ဝါဒဖြန့် ကြွေးကြော်လာခဲ့သည့် စစ်အုပ်စု သည် ကိုယ်ကျိုးစီးပွားအား ခြိမ်းခြောက်လာသည်နှင့် ဆောက်တည်ရာမရ ဂယောင်ချောက်ခြားဖြစ်ကာ စစ်ခေါင်းဆောင်များအဖို့ အချုပ်အခြာအာဏာ ချိုးဖောက်ခံရခြင်းတို့ကို ထည့်သွင်းစဉ်းစား နိုင်စွမ်းမရှိတော့ဘဲ ချက်ချင်းဆိုသလို နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရန် ဒုတိယဝန်ကြီးအဆင့်ရှိသူများ ပါဝင်သော ကော်မတီပင် ဖွဲ့ပေးလာခဲ့သည်။

သို့တင်မက ၎င်းတို့ စစ်အုပ်စုကိုယ်တိုင် ၁၅ နှစ်နီးပါးကြာ ဦးဆောင်ရေးဆွဲ ပြဋ္ဌာန်းခဲ့သည့် ၂၀၀၈ အခြေခံဥပဒေ၊ အခန်း ၁ ပုဒ်မ ၄၂(ခ)အရ “ နိုင်ငံတော်အတွင်း မည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြု “ဆိုသည်ကိုပင် အမှုမထားနိုင်တော့ဘဲ ချိုးဖျက် လုပ်ဆောင်လာရသည့် အခြေအနေ သို့ ဆိုက်ရောက်ခဲ့ပြီ ဖြစ်သည်။ မြန်မာတမျိုးသားလုံးအရေးကို လားလားမျှ ထည့်သွင်းစဉ်းစားခြင်း မရှိဘဲ ၎င်းတို့ စစ်ရှုံးလာ၍ တရုတ်တို့၏ အကြံဉာဏ်များ၊ အမိန့်သြဇာများကို တသွေမတိမ်း နာခံရင်း ပြည်သူများအား ဗုံးကြဲသတ်ဖြတ်ကာ တိုင်းပြည်ကို သားစဉ်မြေးဆက် လက်ဝါးကြီး အုပ်သွားနိုင်ရန် ကြံစည်လာခြင်း ဖြစ်သည်။ ယင်းပြုမူလုပ်ရပ်များသည် စစ်အုပ်စု၊ စစ်ကောင်စီ၊ စစ်အင်စတီကျူးရှင်းတခုလုံး သွက်ချာပါဒလိုက် ယိမ်းယိုင်ချိနဲ့လာပြီး ကျဉ်းထဲကျပ်ထဲ ရောက် ရှိနေပြီဆိုသည့် အချက်အတွက် သက်သေခံပြယုဂ် ဖြစ်သည်။

မည်သို့ ကြံစည်စေကာမူ တိုင်းရင်းသား လူမျိုးစုံပြည်သူများ၏ ခိုင်မာပြတ်သားလွန်းသည့် စစ်အာဏာရှင်စနစ် အပါအဝင် မည်သို့သော အာဏာရှင်အမျိုးအစားမဆို မြန်မာ့မြေပေါ်မှ အပြီးတိုင် မောင်းထုတ်ပစ်ရေး၊ စစ်အခြေခံဥပဒေ ၂၀၀၈ အား ဖျက်သိမ်းပစ်ရေး၊ ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး စသည့် နွေဦးဓိဋ္ဌာန်ရည်မှန်းချက်များကို မည်သူကမျှ၊ မည်သည့် အရာကမျှ ဆီးတား၍ ရနိုင်တော့မည် မဟုတ်ပါ။

မြန်မာ့နိုင်ငံရေးအကြပ်အတည်းအပေါ် အချောင်နှိုက် အမြတ်ထုတ်လိုကြသော တိုင်းပြည်ပြင်ပ နိုင်ငံများ၏ မည်သည့် ဝင်ရောက်စွက်ဖက်မှုမျိုးကိုမဆို အံ့မခန်းသည့် ပြည်သူ့စွမ်းအားက ကျော်နင်း အနိုင်ယူမည် ဖြစ်သည်။ ပြည်သူသည်သာ တိုင်းပြည်၏ မူလ အချုပ်အခြာ အာဏာပိုင်ရှင် ဖြစ်သည်။ သမိုင်းသည် ပြည်သူ၊ ပြည်သူသည် သမိုင်းဖြစ်သည်။ ။

**ရဲဘော်ထွန်းမောင်**



# ငွေဆောင် သဘောတူညီမှု

**မနိုးနိုးထက်စံ (ဗဟိုစည်းရုံးရေးကော်မတီဝင်၊ DPNS) နှင့်**
**( THN Freelance Journalist) မေးမြန်းခန်း**

**မေး။ ။ ငွေဆောင်သဘောတူညီချက်လို့ပဲဆိုဆို ငွေဆောင်ရဲ့ သဘောထားစုစည်းမှုလို့ပဲ ဆိုဆို မြန်မာပြည်တွင်းမှာ နိုင်ငံရေးအင်အားစုတွေ သဘောထားတခု ထွက်လာပါတယ်။ ငွေဆောင်ဆွေးနွေးပွဲနဲ့ ပတ်သက်ပြီး အဓိကကတော့ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းပေါ့။ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းမှာ ရွေးကောက်ပွဲက အဖြေမဟုတ်ဘူး၊ ၂၀၀၈ ကလည်း ပြန်ပြီး ပြုပြင်ရမယ့် အနေအထားမျိုးရှိတယ်၊ ၂၀၀၈ နဲ့လည်း ပြန်ပြီး သွားလို့မရဘူး စသည်ဖြင့် အဲ့လို အခြေအနေပေါ်မှာ သဘောတူညီမှု၊ သဘောတူညီချက်လို့ ကျနော် နားလည်ပါတယ်ဗျ။ အဲ့တော့ ဒီငွေဆောင်သဘောတူညီချက်နဲ့ ပတ်သက်ပြီးတော့ လူ့ဘောင်သစ် ဒီမိုကရက်တစ် ပါတီအနေနဲ့ ဘယ်လို သဘောထားရှိလဲ ဆိုတာ သိလိုပါတယ်။**

**ဖြေ။ ။** ငွေဆောင်သဘောတူညီချက်နဲ့ ပတ်သက်ပြီးတော့ ကျမတို့က ၂ ပိုင်းခွဲ ပြောချင်တယ်။ ပထမတပိုင်းကတော့ ဘာဘဲပြောပြော အတွင်းစည်းမှာရှိနေတဲ့ နိုင်ငံရေးအင်အားစုတွေ အတတ်နိုင်ဆုံး စုဆုံကြတယ်၊ ဆွေးနွေးကြတယ်။ နောက်ပြီးတော့ နိုင်ငံရေးလမ်းကြောင်းပွင့်လာအောင် ကြိုးစားကြတယ်ပေါ့။ အဲ့ဒါကို မြင်ရတဲ့အတွက်တော့ ကျမတို့အနေနဲ့ ဝမ်းသာကြိုဆိုပါတယ်။ ဒုတိယတချက်ကတော့ ငွေဆောင်သဘောတူညီမှု ၇ ချက်ထဲမှာ ကျမတို့ သဘောထားမှုတွေကွာခြားမှုတွေ တွေ့ရပါတယ်။ ဥပမာဆိုရင် ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ဖို့ဆိုတာ တကယ်လည်း အရေးကြီးတဲ့အချက် ဖြစ်တယ်။ ဒီအချက်က ကျမတို့ သဘောတူညီမှုရှိပါတယ်။ တွေ့ဆုံဆွေးနွေးရေးဆိုတဲ့

ကိစ္စမှာတော့ နည်းနည်း ဆွေးနွေးစရာရှိတယ်။ ဘာကြောင့်လဲဆိုတော့ ပထမတချက်က တွေ့ဆုံဆွေးနွေးရေးမှာ စစ်အုပ်စုဆိုတာက တကယ်တမ်းကျတော့ ပြစ်မှုဆိုင်ရာဥပဒေနဲ့ ညီစွန်းနေတဲ့အုပ်စု ဖြစ်တယ်။ နောက်ဒုတိယတခုက နိုင်ငံတကာမှာတောင် ဒါက လူမျိုးတုန်းသတ်ဖြတ်မှုနဲ့ တရားစွဲနေတဲ့ကိစ္စ ဖြစ်တယ်။ အဲ့ဒီအုပ်စုတစုကို ပါဝင်ဆွေးနွေးရေးအတွက် စဉ်းစားနေတယ်၊ ထည့်သွင်းနေတုန်းပဲဆိုတဲ့ ဒီ Concept က ကျမတို့အချင်းချင်းကြားမှာ ဆွေးနွေးဖို့ လိုလိမ့်မယ်လို့ ယူဆတယ်။ ဒါကြောင့်မို့ ဒီအချက် ၇ ချက်လုံးကို သဘောမတူပေမယ့်လည်း တချို့အချက်တွေက တကယ်လိုအပ်တဲ့ အချက်တွေလို့ ပြောချင်ပါတယ်။

**မေး။ ။ ဟုတ်ကဲ့ မနိုးနိုးထက်စံပြောတဲ့ ဒိုင်ယာလော့လုပ်ရင် စစ်အုပ်စုပါဝင်ရမယ် ဆိုတဲ့အချက်က တကယ်တော့ စိတ်ဝင်စားစရာ ကောင်းပါတယ်။ အဲ့ဒါမသွားခင် တခုမေးလိုတာက ပြည်တွင်းမှာ နိုင်ငံရေးအင်အားစုတွေ ပြန်ပြီး သက်ဝင်လှုပ်ရှားလာတာကို မနိုးနိုးထက်စံတို့အနေနဲ့ ကြိုဆိုတယ်ပေါ့နော်။ တဖက်မှာလည်း စစ်ကောင်စီက ခွင့်ပြုမှ လုပ်လို့ရမယ့် အနေအထားပေါ့နော်။ ဥပမာ အဲ့ဒါပြီးတော့ ကလောမှာ ခွင့်မပြုတော့ လုပ်ခွင့်မရှိခဲ့ဘူးလေ။ အဲ့တော့ ဒီအင်အားစုတွေက စစ်ကောင်စီရဲ့ အောက်မှာပဲ သွားနေရတယ်။ စစ်ကောင်စီနဲ့ပဲ ပတ်သက်နေတာပဲ ဆိုပြီးတော့ တချို့က ဝေဖန်မှုတွေ အကြီးအကျယ်ရှိတယ်။ အဲ့လို အနေအထားမျိုးပေါ်မှာရော ဘယ်လို မှတ်ချက်ပေးချင်လဲ။**

**ဖြေ။ ။** ပြည်တွင်းမှာ လတ်တလော လုပ်ကိုင်လှုပ်ရှားကြရတဲ့အခါ အခက်အခဲပေါင်းများစွာကို ကျော်ဖြတ်ရတယ်။ အဲ့လို ကျော်ဖြတ်ကြရတာကို ကျမတို့ နားလည်တယ်။ တဖက်မှာလည်း တဖက်က အုပ်စုတွေ ခွင့်ပြုမှ လုပ်လို့ရတယ်လို့ ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဒီလို နိုင်ငံရေးလှုပ်ရှားမှုတွေ ကျယ်ပြန့်ဖို့ဆိုရင် ဒီတွန်းအားတွေက ယူရတယ်။ ကိုယ့်အင်အားစုတွေ စုတဲ့အခါမှာ တဖြည်းဖြည်းနဲ့ ကျယ်ပြန့်အောင် လုပ်ရတာ ဖြစ်တဲ့အတွက် ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဒါပေမယ့် အဲလိုလုပ်လို့ ဥပမာပေါ့၊ တချို့ခွင့်ပြုချက်တွေ ယူရလို့ စစ်အုပ်စုဘက် ပါသွားတယ်ဆိုတာ မဟုတ်ဘူးလို့ ထောက်ပြချင်တယ်။ ဥပမာဆိုရင် စစ်အုပ်စုက ၂၀၀၈ ကို အသေဆုပ်ကိုင်ထားတာ ဖြစ်တယ်။ ဒါ သူ့ရဲ့ အာဏာရရေးအတွက်၊ သူ့နေရာရရေးဆိုတာ လူတိုင်းသိ လူတိုင်းလည်း ပြောနေကြတာ။ တိတိကျကျ မြင်သာထင်သာရှိတဲ့ အချက်ပေါ့နော်။ သို့သော် အခု ငွေဆောင်ဆွေးနွေးချက်ကနေ ပေါ်လာတဲ့အချက် ၇ ချက်ထဲမှာတော့ ၂၀၀၈ အပြင်ကနေ ဆွေးနွေးရမယ့် ကိစ္စလို့ အဓိက ထောက်ပြထားတဲ့အချက် ဖြစ်တယ်။ အဲ့ဒီကွာခြားချက်လေး တွေလဲ ရှိတယ်။

ဒါကြောင့်မို့လို့ ကျမတို့တွေက ဘာပဲပြောပြော အတွင်းအပြင်အင်အားစုတွေကို စုတဲ့အခါမှာ ဒီလို အထဲမှာ နိုင်ငံရေးဖြစ်ထွန်းမှုတွေက အရေးကြီးတယ်။ တပြိုင်နက်တည်းမှာပဲ အထဲကအင်အားစုတွေ ဖြစ်ထွန်းလာတဲ့ အပေါ်မှာ ကျမတို့ နားထောင်ရမှာ ဖြစ်သလို ဒီဘက်ကအင်အားစုတွေ ဒါဘာပဲပြောပြော စစ်အာဏာရှင်စနစ်ကို ချုပ်ငြိမ်းစေလိုတဲ့ စိတ်နဲ့ အားလုံးက တိုင်းပြည်ကို ပြန်ပြီး ကောင်းချင်တဲ့ စိတ်နဲ့ ဆွေးနွေးနေတာ ဖြစ်တယ်။ အဲ့တော့ အပြန်အလှန် နားထောင်ရမှာ ဖြစ်တယ်။ ဆိုတော့ ဒီကြားထဲမှာ ကျမတို့က ဒိုင်ယာလော့တမျိုးလည်းပဲ ဖြစ်တယ်လေ။ ဥပမာ ဆိုကြပါစို့ ကျမတို့က အခုသူတို့ကိစ္စတွေ နားထောင်တယ်။ တပြိုင်နက်တည်းမှာ ကျမတို့ ပြန်ပြီးတော့ ပြောကြတယ်။ ဒါက ဒိုင်ယာလော့ပဲ ဖြစ်တယ်။ ဒိုင်ယာလော့လို့ပြောရင် စစ်အုပ်စုပါမှ ဒိုင်ယာလော့ဖြစ်တယ်ဆိုတဲ့ ဒီစဉ်းစားချက်ကတော့ ကျမတို့ကြားမှာ ဆွေးနွေးရမယ့်ကိစ္စ ဖြစ်တယ်။ ကျမတို့က စစ်အုပ်စုပါရင် ဆွေးနွေးရမယ့်ကိစ္စလို့ မထင်ဘူး။ ကိုယ့်ချင်း

ကိုယ့်ချင်းထဲမှာ ဆွေးနွေးရမယ့်ကိစ္စတွေ အများကြီးရှိတယ်။ ဘာလို့လဲဆိုတော့ ဖက်ဒရယ်ပြည်ထောင်စုကို သွားမှာဖြစ်တဲ့အတွက် နယ်မြေအရေးကိစ္စတွေ ဆွေးနွေးရမှာတွေ ရှိတယ်။ အခြေအနေများစွာကို ဆွေးနွေးရမယ့် ကိစ္စတွေ ရှိတယ်လို့ ကျမကတော့ ယူဆပါတယ်။

**မေး။ ။ အခု နွေဦးတော်လှန်ရေးမှာ လက်နက်ကိုင်တော်လှန်ရေးကို အဓိကထားနေတဲ့ အခြေအနေမှာ သွေးကြွေးမှာ ဆွေးနွေးစရာမရှိ၊ ဖက်ဆစ်စစ်တပ် အမြစ်ဖြုတ်၊ စစ်သုံးစစ်အမြစ်ဖြုတ်ရေး စသည်ဖြင့် ဒီလို ကြွေးကြော်သံတွေနဲ့ တော်လှန်နေတဲ့ အင်အားစုတွေဘက်ကတော့ ဒီလိုမျိုး ဒိုင်ယာလော့လမ်းကြောင်းကို လက်မခံနိုင်ဘူးဆိုတာမျိုး အွန်လိုင်းမှာ ပြောကြဆိုကြတာတွေ ရှိတယ်။ အဲ့တော့ ပြည်တွင်းက လူပ်ရှားမှုကို ဒီဘက်က တော်လှန်ရေးအင်အားစုတွေကကော လွယ်လွယ်ကူကူနဲ့ လက်ခံနိုင်မယ့် အနေအထားရှိလား အဲ့အပေါ်ရော ဘယ်လိုမျိုး မှတ်ချက်ပေးလိုလဲ။**

**ဖြေ။ ။** သွေးကြွေးမှာ ဆွေးနွေးစရာမရှိဘူး ဆိုတဲ့ကိစ္စက ဒိုင်ယာလော့ကို ငြင်းပယ်တာ မဟုတ်ဘူး။ တွေ့ဆုံဆွေးနွေးရေးလို့ပြောရင် စစ်တပ်မပါသော တွေ့ဆုံဆွေးနွေးရေးကို ကျမတို့ လုပ်ကိုလုပ်ရမှာပေါ့နော်။ ဒိုင်ယာလော့ကို လုပ်ရမှာ။ တွေ့ဆုံဆွေးနွေးရေးလို့ ပြောရင် လက်နက်ကိုင်အင်အားစုတချို့မှာရှိတဲ့ စဉ်းစားချက်က လက်နက်ချတာပဲလို့ မြင်တာ။ အဲ့ဒါလည်း မဟုတ်ဘူး။ ဆိုလိုတာက တိုက်ပွဲသဏ္ဍာန် ပြောင်းလိုက်တာ ဖြစ်တယ်။ တိုက်ပွဲသဏ္ဍာန်က လက်နက်နဲ့ တိုက်နေရင်းနဲ့ စာပွဲဝိုင်းကို ရောက်သွားတာ။ ဒါက တိုက်ပွဲသဏ္ဍာန်ဖြစ်တယ်။ တခါတလေကျရင် တွေ့ဆုံဆွေးနွေးရေးဆိုပြီးတော့ ပူးပေါင်းဆောင်ရွက်ရေး လုပ်သွားတဲ့ ကိစ္စတွေက ပြဿနာရှိတယ်။ အဲ့ဒါကြောင့်မို့လို့ သမိုင်းမှာဖြစ်ခဲ့တဲ့ အခြေအနေကို နမူနာယူပြီး တော့ တွေ့ဆုံဆွေးနွေးရေးလို့ ပြောတယ်ဆိုရင် ရန်သူဘက်နဲ့ ကိုယ်ဘက်နဲ့က အဖြေတခုထွက်အောင် လုပ်တဲ့အခါမှာ သူလိုချင်တဲ့အချက်နဲ့ ကိုယ်လိုချင်တဲ့အချက်တွေကို ပြန်ပြီးတော့ အပြန်အလှန် ညှိယူကြတာ ဖြစ်တယ်။ ပူးပေါင်းဆောင်ရွက်ကြတာ မဟုတ်ဘူး။

တခါတလေ ကျမတို့က တွေ့ဆုံဆွေးနွေးရေးလို့ပြောပြီး အကြိုက်လိုက်သွားတဲ့ကိစ္စတွေက ပြဿနာ ရှိတယ်။ ဒါကြောင့်မို့လို့ ရှေးအစဉ်အဆက်အရ လုပ်ခဲ့တဲ့ တွေ့ဆုံဆွေးနွေးရေးတွေ မအောင်မြင်ရတဲ့ အဓိက အကြောင်းအရင်းက အဲ့အချက်လို့ ကျမ ထောက်ပြချင်တယ်။ အဲ့တော့ ကျမတို့က သမိုင်းဆိုင်ရာ အချက်တွေ မှာ မြင်သာထင်သာ တွေ့ခဲ့ပြီးပြီ။ နောက်ပိုင်း တွေ့ဆုံဆွေးနွေးရေးလုပ်တဲ့အခါမှာ ဘယ်လို လုပ်မလဲဆိုတာ စဉ်းစားရမယ်။ စစ်တပ်မပါသော တွေ့ဆုံဆွေး နွေးရေး၊ စစ်တပ်ဆိုတာ ပြစ်မှုဆိုင်ရာဥပဒေနဲ့ ညိစွန်းနေတဲ့ လူတွေ ဖြစ်တယ်။ အပြစ်သားတယောက်နဲ့ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရတယ်ဆိုတာ ထုံးစံမရှိဘူးလို့ ကျမတို့က နားလည်တယ်လေ။

**မေး။ ။ ဟုတ်ကဲ့ အဲ့ဒီအချက်ကို ကျနော် ဆွေးနွေးလိုတာ၊ မေးလိုတာပေါ့နော်။ ဆိုတော့ စစ်တပ်မပါတဲ့ တွေ့ဆုံဆွေးနွေးရေးဆိုရင် အခုစစ်တပ်က ဒီတိုင်းပြည်ကို အုပ်စီးထားတာပေါ့။ အခု ငွေဆောင်ရဲ့ အဓိက သူတို့ရဲ့ ဆိုလိုရင်းကလည်း ဖက်ဒရယ်ပြည်ထောင်စုကို ရည်မှန်းပြီးတော့ ရွေးကောက်ပွဲက အဖြေမဟုတ်ဘူး၊ ၂၀၀၈ ကလည်း အဖြေမဟုတ်ဘူး ဆိုတော့။ အဲ့ဒါတွေ ဖယ်ထားပြီး အဲ့ထက်ကောင်းတဲ့ လမ်းကြောင်းတခုကို အာလုံးပါဝင်တဲ့ တွေ့ဆုံဆွေးနွေးမှုကို သူတို့က ရည်ညွှန်းတာပေါ့။ အားလုံး ပါဝင်တယ်ဆိုတော့ စစ်တပ်ကိုလည်း State Holder တခုအနေနဲ့ ပါရမှာဆိုတော့။ အခု မနိုးနိုးထက်စံက**

**စစ်တပ်ပါတဲ့ တွေ့ဆုံဆွေးနွေးရေးကတော့ အလုပ်မဖြစ်ဘူးဆိုတော့ နည်းနည်း Contra ဖြစ်နေတယ်။ အဲ့တော့ မနိုးနိုးထက်စံအနေနဲ့ ဘယ်လိုမျိုး ဆိုလိုချင်တာလဲ။**

**ဖြေ။** ။ ကျမတို့ပြောချင်တာက တွေ့ဆုံဆွေးနွေးရေးလို့ပြောရင် အခု ပြည်တွင်းအင်အားစုတွေရဲ့ စဉ်းစားချက် ထွက်လာတဲ့ စဉ်းစားချက်တွေနဲ့ ကျမတို့တော်လှန်ရေးအင်အားစုတွေ စဉ်းစားပြီးထွက်လာတဲ့ စဉ်းစားချက်တွေနဲ့ ပုံသဏ္ဍာန်တွေက ကွဲနေတယ်။ အဲ့တော့ ဒီအချက်တွေပေါ်မှာ ကျမတို့ ဆွေးနွေးရလိမ့်မယ်။ ဆိုလိုတာက ကျမ ခုနက ထောက်ပြသလိုပဲ။ မေးခွန်း မေးကြည့်ချင်တာပေ့ါနော်။ အပြစ်သားတွေနဲ့ ကျမတို့က တွေ့ဆုံဆွေးနွေးရေး လုပ်သင့်လား၊ ဘယ်နိုင်ငံက လုပ်ခဲ့လဲ၊ ဘယ်လို လုပ်ခဲ့လဲ၊ နိုင်ငံတကာက ဘယ်လို ဘာညာ ဆိုတာပေ့ါ။ ကျမတို့လည်း မေးကြည့်ချင်တာပေ့ါ။ ဘယ်အပြစ်တွေကို စင်ပေါ်တင်ပြီး စကားပြော ရသလဲ၊ ဘာလို့ ပြောရတာလဲပေ့ါ။ ဒါတွေက ကျမတို့ ဆွေးနွေးရမယ့်အချက်ပေ့ါ။ တွေ့ဆုံဆွေးနွေးရေး လို့ပြောရင် ပြည်တွင်းအင်အားစုတွေ၊ ကျမတို့တွေကြားမှာ အသံတူဖို့ လိုတယ်။ ပြန်ပြီးတော့ ဆွေးနွေးကြဖို့ လိုတယ်။ ဒါကလည်း တွေ့ဆုံဆွေးနွေးရေးဖြစ်တယ်လို့ ထောက်ပြချင်တာပါ။

**မေး။ ။ NUG နဲ့ တိုင်းရင်းသားခေါင်းဆောင်တွေတချို့ သဘောတူညီကြတဲ့ ဘုံသဘောတူညီချက် ရှိတယ်လေ။ အဲ့ဒီမှာ အဓိကကတော့ စစ်တပ်က နိုင်ငံရေးက လုံး၀ နောက်ဆုတ်ရမယ်။ အခြေခံဥပဒေကို ဖျက်သိမ်းရမယ်။ တရားမျှတမှုကို လက်ခံရမယ်။ စသည်ဖြင့် ၆ ချက် ရှိတယ်။ ဒါတွေကို လက်ခံဆွေးနွေး မယ်လို့ ပြောတယ်။ ဆိုတော့ အဲ့ဒီ ဘုံသဘောတူညီချက်အတိုင်း မနိုးနိုးထက်စံတို့က သွားမယ်လို့ ဆိုလို တာလားဗျ။**

**ဖြေ။** ။ အဓိကပဋိပက္ခဖြစ်ရတဲ့ အကြောင်းအရင်းကိုမှ အဓိကတရားခံက စစ်တပ်ဖြစ်တယ်လေ။ စစ်အုပ်စုပေ့ါနော်။ လတ်တလော ဒီစစ်အုပ်စု ဖြစ်တယ်။ ဒီစစ်အုပ်စုက အာဏာသိမ်းလို့ ဒီအကျိုးဆက်တွေ ဖြစ်လာတာ။ ဒီလို ဖြစ်လာတာ။ ဘာလို့ ဒီအဓိကဘက်အပေါ် ဖုံးအုပ်ထားပြီးတော့၊ အဓိကဘက်ကို ပြဿနာရှာတဲ့ အဓိကဘက်ကို ပြန်စဉ်းစားမှာလဲပေ့ါ။ ဒါကြောင့်မို့ လက်နက်ကိုင်တိုက်ပွဲ ဖြစ်လာတယ်။ ခုခံရင်း ခုခံရင်းနဲ့ ပြန်တိုက်ရတဲ့အဆင့် ရောက်သွားတယ်။ ခုခံတဲ့အဆင့်ကနေ တိုက်ရတဲ့အဆင့်ဖြစ်တယ် ဆိုတာလည်း စဉ်းစားကြည့် ကိုယ်က ခုခံရုံ ခုခံပေမယ့် သူက အသေသတ်တာလေ။ အသေသတ်လို့ ခုခံတဲ့ကိစ္စမှာ အသေသတ်ရုံတင် မကဘူး၊ ပျက်စီးပျက်သုဉ်းအောင်လုပ်တာ သူတို့ပဲ။ အခု နားလည်နေ ကြတာ ဒီအင်အားစုတွေ လက်နက်ကိုင်လို့ ဖြစ်လာတယ်ဆိုတဲ့ ဒီစဉ်းစားချက်ကလည်း ပြဿနာရှိတယ်။ အဲ့ဒါကြောင့်မို့လို့ ခုခံကာကွယ်ရင်းနဲ့ ပြန်လည်တိုက်ရင်းနဲ့မှ အခုစစ်အုပ်စုကလည်း ပြောတယ်။ စကား ပြောဖို့ကိစ္စကိုလည်း ပြောတယ်။ ဒါက သူတို့စကားပြောဖို့ ကိစ္စတွေကလည်း ဖိအားတွေကြောင့် ဖြစ်တယ်။ တကယ် Well မရှိဘူး၊ ဆန္ဒမရှိဘူး။ ဆန္ဒရှိရင်လည်း သူရဲ့ အာဏာရရေးအတွက်ပဲ ဆန္ဒရှိတာ။ ဒါကြောင့်မို့ ဒီစစ်အုပ်စုက တွေ့ဆုံဆွေးနွေးရေးမှာ မဲတမဲအနေနဲ့ ပါ၀င်လာမှုကို လတ်တလော စဉ်းစားချက်အရ ဘယ်လိုမှ လက်ခံကြည့်လို့ မရဘူး။ ဘာလို့လဲဆိုတော့ ရှေ့အဆက်ဆက်မှာလည်း ဒီလို ဆွေးနွေးမှုတွေက အလုပ်ကို မဖြစ်ခဲ့ဘူး။ မဖြစ်ခဲ့တဲ့ အကြောင်းအရင်းကိုမှ ပြစ်မှုဆိုင်ရာဥပဒေနဲ့ ညိစွန်းနေတဲ့ ဒီစစ်အုပ်စုကို အလေးထားနေလို့ပဲ။ ကျမတို့က အဲ့လိုပဲ နားလည်တယ်။ ဒါ ကျမတို့ကြားမှာ ညှိယူရမယ်။ နိုင်ငံရေး အင်အားစုတွေကြားမှာ ညှိယူရမယ်။ လက်နက်ကိုင်အင်အားစုတွေကြားထဲမှာ ညှိယူရမယ့် ကိစ္စဖြစ်တယ်။

**မေး။ ။ နောက်တခုက ငွေဆောင်မှာ ဆွေးနွေးကြတဲ့ အင်အားစုတွေ သဘောထားကို ကြည့်ရတာတော့ ရွေးကောက်ပွဲဝင်မယ့် နိုင်ငံရေးအင်အားစုတွေနဲ့ သူတို့က အကန့်တခုလို ဖြစ်နေတယ်။ ဟိုဘက်ကလည်း မသိရဘူး။ အလွတ်သဘော ဆွေးနွေးပြောဆိုတာတွေလည်း မရှိဘူးလို့ ကြားတယ်။ ဆိုတော့ ကန့်ထားသလို ဖြစ်နေတယ်။ ပြည်တွင်းက အင်အားစုတွေကြားမှာလေ။ အဲ့အပေါ်မှာရော ဘယ်လို မှတ်ချက်ပေး လို လဲခင်ဗျ။**

**ဖြေ။ ။** ငွေဆောင်သဘောတူညီချက်က ခုနက ကျမပြောသလိုပဲ။ ကိုသက်ထွေးနိုင်လည်း ပြောသလိုပေါ့။ ဒါက ၂၀၀၈ ပြင်ပက ဆွေးနွေးချက်ကို သူက ထောက်ပြတာပေါ့။ ဖြစ်ရမယ်ဆိုတဲ့ ထောက်ပြချက် ဖြစ်တာပေါ့။ ၂၀၀၈ ကို ဘယ်သူကမှလည်း လက်မခံတော့ဘူး ဆိုတော့။ ဒါကြောင့်မလို့ ရွေးကောက်ပွဲကို ရွေးကောက်ပွဲကနေတဆင့် ပြန်သွားမယ်ဆိုတဲ့ ကိစ္စကို လက်မခံတဲ့ ထောက်ပြချက်၊ တပြိုင်နက်တည်းမှာ အဲ့အင်အားစုကလည်း ဆွေးနွေးရမယ့်ကိစ္စ ဖြစ်တယ်။ လက်တလော ထောက်ပြရမယ်ဆိုလို့ရှိရင် ကိုကိုကြီး တို့ ဒီ ၂၀၀၈ အောက်ကနေ ရွေးကောက်ပွဲဝင်ပြီးတော့ သွားရမယ်ဆိုတာ။ သူက နိုင်ငံရေး လုပ်ဖို့အတွက် ဒီအခင်းအကျင်းကို စဉ်းစားချက်ရှိတာပေါ့နော်။ အဲ့တော့ အဲ့ဒီဟာကြောင့်မလို့ ငွေဆောင် သဘောတူညီမှုကို လုပ်နေတဲ့ အင်အားစုနဲ့ ခုနကလို ကိုကိုကြီးတို့ရဲ့ အင်အားစုမျိုးတွေလည်း တွေ့ဆုံဆွေးနွေးရမှာပဲ။ အဲ့ဆွေးနွေးမှုတွေ လိုအပ်တယ်။ ဒါကြောင့်မို့လို့ တွေ့ဆုံဆွေးနွေးရေးလို့ပြောရင် စစ်အုပ်စုပဲလို့ မြင်လိုက်လို့ မရဘူးဆိုတာ ခုနက အစောပိုင်း ကျမထောက်ပြချက်က အဲ့ဒါပါ။

**မေး။ ။ စစ်ကောင်စီက ၂၀၂၅ ထဲမှာ လုပ်မယ်ဆိုတာက တော်တော်လေးကိုပြောလာတယ်။ ပြီးတော့ လွတ်လပ်ရေးနေ့သဝဏ်လွှာမှာဆိုရင်လည်း စစ်ကောင်စီဥက္ကဋ္ဌက ရွေးကောက်ပွဲလုပ်ပေးရင် နိုင်တဲ့ပါတီကို အာဏာအပ်မယ် ဆိုတဲ့ကိစ္စကို အတိအလင်းပြောလာတာ ရှိတယ်။ သူတို့သွားမယ့်လမ်းကြောင်းက ၂၀၀၈ အတိုင်း ရွေးကောက်ပွဲဆိုတော့၊ အခု ငွေဆောင်ရဲ့သဘောတူညီချက်က ရှင်းတယ်။ ဒီ ၂၀၀၈ က အလုပ်မဖြစ်ဘူး။ ဒီရွေးကောက်ပွဲလမ်းကြောင်းနဲ့ ပြေလည်မှာ မဟုတ်ဘူး။ ဆိုတော့ ပြည်တွင်းကလည်း အသံထွက်လာ နိုင်တာပေါ့။ သူတို့သွားမယ့်လမ်းကြောင်းက မဟုတ်ဘူးဆိုတာ။ ဆိုတော့ ရွေးကောက်ပွဲ မတိုင်ခင် တခုခု အပြောင်းအလဲပေါ့။ ဒါမဟုတ် တွေ့ဆုံညှိနှိုင်းတာပဲဖြစ်ဖြစ်၊ တခုခု ညီလာခံ သဘောပဲ ဖြစ်ဖြစ်၊ တခုခုကို မျှော်လင့်လား။ ရွေးကောက်ပွဲမသွားခင် အကြိုတခုခု ဖြစ်လာနိုင်မယ်လို့ ထင်လားဗျ။**

**ဖြေ။ ။** အဲ့လိုမျိုး ဥပမာပေါ့ နိုင်ငံရေးဖြစ်ထွန်းမှုတွေကတော့ ဖြစ်လာနိုင်ခြေရှိတယ်။ ရှိတယ်ဆိုတာ စစ်ကောင်စီဘက်က အရှုံးပေါ်နေတဲ့အခါကျတော့ နိုင်ငံရေးဖြစ်ထွန်းမှုပုံစံတွေ ဖြစ်လာနိုင်ခြေ ရှိပါတယ်။ တကယ်လို့ တွေ့ဆုံဆွေးနွေးရေးကိုတွန်းရင် ရှင်းရှင်းလေးပဲ။ သူက စစ်ကောင်စီကို လောလောဆယ် ဦးဆောင်နေတဲ့ ပုံသဏ္ဍာန်တွေကို လက်မခံဘူးဆိုတာ သူကသိပြီးသားပဲ။ သိပြီးသားဖြစ်တဲ့အတွက် သူက အသွင်ပြောင်းနေဦးမှာပဲ။ အရင်တုန်းကလည်း ဦးသိန်းစိန်အစိုးရဆိုတာက အသွင်ပြောင်းရင်းနဲ့ ဒီလမ်းကြောင်းကို ခင်းရတာပေါ့နော်။ ကြိုးစားပြီး ခင်းရတာ။ ဒီအခင်းအကျင်းတွေ ပြန်လည် ပေါ်ကောင်း ပေါ်ပေါက်လာနိုင်တာပေါ့။ ဒါပေမယ့် ပေါ်ပေါက်ကောင်းလည်း ပေါ်ပေါက်ချင်မှ ပေါ်ပေါက်မယ်။ ဘာလို့လဲ

ဆိုရင် စစ်ကောင်စီဘက်က သူတို့ရဲ့ဒို့ဗဟာဖြစ်နေတဲ့ဟာတွေ ရှိနေတယ်။ ဘာလို့ဆို မလျှော့ချင်တာ ပေါ့။ ဥပမာ ဒီ ၂၀၀၈ အောက်ကနေပဲ ရွေးကောက်ပွဲပြန်လုပ်ပြီးတော့ အာဏာလွှဲမယ်။ အဲ့ဟာတွေက တကယ်တမ်း ပြောမယ်ဆိုလို့ရှိရင် ကလေးတွေကို ပုံပြင်ပြောနေသလိုပဲ။ အရင်တုန်းကလည်း ဒီလို လုပ်ခဲ့ တယ်။ အာဏာသိမ်းတယ်။ အခု ၂၀၀၈ ကို ပြောတယ်ဆိုတဲ့ဟာကိုမှ စစ်အုပ်စုက သူ့ဟာနဲ့သူ လက်နဲ့ရေးပြီး တော့ ခြေနဲ့ပြန်ဖျက်ထားတဲ့ကိစ္စ ဖြစ်တယ်။ ရှင်းရှင်းလင်းလင်းပဲ သူ အာဏာသိမ်းလိုက်တာက အာဏာသိမ်း တယ်၊ အာဏာထိန်းတယ်ပြောပြော သူရဲ့လုပ်ရပ်တွေ အကုန်လုံးသည် ၂၀၀၈ ကို ဖျက်လိုက်တာ ဖြစ်တယ်။ ၂၀၀၈ ကိုကျော်ပြီးလုပ်ထားတာဖြစ်တယ်။ အဲ့ဒါ ဘယ်လိုမှ ငြင်းလို့ရတဲ့ကိစ္စ မဟုတ်ဘူး။ ဒါပေမယ့် အဲ့ဒါကြီးကိုပဲ ပြန်ပြန်ပြီးတော့ အသိအမှတ်ပြန်ပြုပေးနေတာကိုက ပြဿနာရှိတယ်လို့ မြင်ပါတယ်။

**မေး။ ။ နောက်ဆုံးအနေနဲ့ အခု ငွေဆောင်နဲ့ပတ်သက်တဲ့ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုနဲ့ ပတ်သတ်ပြီးတော့ မနိုးနိုးထက်စံတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအနေနဲ့ သဘောထားတခုခုပေါ့နော်။ အားလုံးအတွက် State Holder အားလုံးအတွက်၊ လူထုအတွက် ပြောမယ့် သတင်းစကားတခု ရှိမယ်ဆိုရင် ဘာဖြစ်မလဲ သိလိုပါတယ်။**

**ဖြေ။ ။** ကျမတို့ပြောချင်တဲ့ သတင်းစကားကတော့ ကျမတို့ ဘက်အသီးသီးရဲ့ အသံတွေကို စိတ်ရှည် လက်ရှည်နဲ့ နားထောင်ကြရမယ်။ နားထောင်ပြီးတော့ သဘောမတူတဲ့အချက်တွေလည်း အပြန် အလှန် ထောက်ပြကြတာပေါ့။ ဒီလို ထောက်ပြကြတဲ့အခါ ပြန်ပြီးတော့ ဆွေးနွေးကြတဲ့အခါ နားထောင်ရင်း ပြန်လှန်ဆွေးနွေးကြတဲ့အခါမှာလည်း Postive အနေနဲ့ ချဉ်းကပ်စေချင်ပါတယ်။ အကောင်းမြင်ရှုထောင့် ကနေ ချဉ်းကပ်ခြင်း ဆွေးနွေးခြင်းအားဖြင့်လည်း ကျမတို့ရဲ့ ဖြစ်ပေါ်တိုးတက်မှုတွေက ဒီထက်မက ကျယ်ပြန့်လာမယ်။ ဒီ ဖြစ်ပေါ်တိုးတက်မှုတွေ ကျယ်ပြန့်လာတာနဲ့အမျှ ကျမတို့နိုင်ငံကောင်းဖို့အတွက် ဝိုင်းကြိုးစားကြတဲ့ နည်းနာပုံသဏ္ဍာန်မျိုးစုံ ထပ်စဉ်းစားနိုင်စရာအချက်တွေ ထပ်ပြီး ပေါ်နိုင်သေးတယ်လို့ ယူဆတယ်။ ဒါကြောင့်မို့ ကျမတို့ အပြန်အလှန် သေသေချာချာ တုံ့ပြန်ကြရအောင်ပါ။ ပြန်လှန် ဆွေးနွေး ကြရအောင်ပါလို့။ ဒါလေး ပြောချင်ပါတယ်။

**မေး။ ။ ဟုတ်ကဲ့ မနိုးနိုးထက်စံ ငွေဆောင်သဘောတူချက်နဲ့ ပတ်သတ်ပြီး လူ့ဘောင်သစ်ဒီမိုကရက်တစ် ပါတီအနေနဲ့ အခုလို ပွင့်ပွင့်လင်းလင်း ချပြပေးတဲ့အတွက် ကျေးဇူး အထူးတင်ပါတယ် ခင်ဗျာ။**

■■■



# စစ်ကောင်စီလက်ထက် စီးပွါးရေး အကျပ်အတည်း

မြတ်လင်း (DPNS)

## အတိတ်ကာလ စီးပွါးရေး ကမောက်ကမဖြစ်မှုများ

မြန်မာနိုင်ငံမှာ ၁၉၆၂ ခုနှစ် စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ့စီးပွါးရေး ကမောက်ကမ ဖြစ်ခဲ့တဲ့ကာလ (၃) ကြိမ် ရှိခဲ့ဖူးပါတယ်။ အဲဒါတွေကတော့ ၁၉၆၇ ခုနှစ် ၊ ၁၉၈၈ ခုနှစ်နဲ့ အခု ၂၀၂၁ ခုနှစ်ကနေ ယခုချိန် စစ်ကောင်စီအာဏာသိမ်းကာလ (၃)နှစ်ကျော်ထိ ဖြစ်ပါတယ်။

ဗိုလ်နေဝင်းစစ်အုပ်စုလက်ထက်မှာ အထင်ကရ စီးပွားရေးမှတ်တိုင်တွေ ရှိခဲ့ပါတယ်။ တိုင်းပြည်လူထု မွဲတေခဲ့ရတဲ့ မှတ်တိုင်တွေပါပဲ။ အဲ့ဒါတွေကတော့ . . ၁၉၆၄၊ မေလ၁၇ရက်နေ့မှာ ကျပ် ၅၀ တန်နဲ့ ကျပ် ၁၀၀ တန်တွေကို တရားမဝင်ငွေကြေးလို့ ကြေငြာခဲ့ပါတယ်။ ၁၉၈၅၊ နိုဝင်ဘာလ၊ ၃ရက်နေ့မှာ ကျပ် ၁၀၀ တန်၊ ၅၀ တန်တွေ (၎င်းတို့ကို ၁၉၆၄ ငွေကြေးဖျက်သိမ်းပြီးနောက် အသစ်ထုတ်ဝေခဲ့တယ်)နှင့် ၂၀ ကျပ်တန်တွေကို တရားဝင် မကြေညာဘဲ ဖျက်သိမ်းလိုက်ပြန်ပါတယ်။ ၁၉၈၇၊ စက်တင်ဘာလ ၅ ရက်နေ့မှာ ၂၅ ကျပ်တန်၊ ၃၅ ကျပ်တန်နဲ့ ၇၅ ကျပ်တန်တွေကို ထုတ်ဝေပြီး ၂ နှစ်အကြာမှာ တရားမဝင် ကြေညာပြန်ခဲ့ပါ တယ်။

ဗိုလ်နေဝင်းစစ်အုပ်စု အာဏာသိမ်းပြီးတဲ့နောက် လူလူချင်း အမြတ်ထုတ် သွေးစုတ်ချယ်လှယ်ခြင်းမှ ကင်းရာလွတ်ရာ "မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်စနစ်"နဲ့အတူ တိုင်းပြည်နဲ့လူထုက ကမ္ဘာ့လူမွေးသူမွေး

မပြောင်ဆုံးစာရင်း ဝင်ခဲ့ပါတယ်။ ဘဝကို ရောက်ခဲ့ရပါတယ်။ ၁၉၈၇ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂသို့ "ဖွံ့ဖြိုးမှုအောက် ရောက်နေသော နိုင်ငံအဆင့်" သတ်မှတ်ပေးဖို့ မြန်မာနိုင်ငံက တောင်းဆိုတာကြောင့် ခွင့်ပြုခဲ့တယ်။ ဒါကြောင့် အဆင်းရဲဆုံးနိုင်ငံ (Least Developed Country-LDC) နွံထဲ နစ်သွားခဲ့ရပါတော့တယ်။ မဆလထိပ်သီး ဗိုလ်နေဝင်းနဲ့ လက်တဆုပ်စာ စစ်ဗိုလ်ချုပ်ကြီးတွေကတော့ ကုဋေကြွယ်သူဌေးကြီးတွေ ဖြစ်လာခဲ့တယ်။

ဗိုလ်စောမောင် – ဗိုလ်သန်းရွှေတို့ရဲ့ (နဝတ-နအဖ) စစ်အုပ်စုလက်ထက်မှာတော့ တိုင်းပြည်နဲ့ လူထုဟာ ဗိုလ်နေဝင်းနဲ့ မဆလတို့ ဆွဲနှစ်ချထားခဲ့တဲ့ LDC ဘဝနွံထဲကနေ ရုန်းမထွက်နိုင်ခဲ့တဲ့အပြင် ဖွတ်သထက် ညစ် ဆိုတာလို လဲရာသူခိုးထောင်းတာ ခံခဲ့ကြရပါတယ်။ ဗိုလ်သန်းရွှေစစ်အုပ်စုခေတ် စစ်ဗိုလ်တွေရဲ့ ချမ်းသာကြွယ်ဝမှုဆိုတာ ဗိုလ်နေဝင်းနဲ့ စစ်ဗိုလ်လက်တဆုပ်စာရဲ့ ကြွယ်ဝမှုထက် အဆပေါင်းရာထောင်မက ချမ်းသာကြွယ်ဝလာခဲ့ကြတယ်။ (နဝတ-နအဖ)စစ်အုပ်စုခေတ် စစ်ဗိုလ်တွေရဲ့ ချမ်းသာကြွယ်ဝမှုဆိုတာ (မဆလ)ခေတ်ကလို တီးတိုးပြောဆိုကြရတဲ့ ပိုင်ဆိုင်မှုမျိုး မဟုတ်ဘူး။ လက်ညှိုး ထိုးမလွဲတဲ့ ပြောင်အကျဆုံး ပိုင်ဆိုင်မှုတွေ ကိုယ်စီနဲ့ ဖြစ်ပါတယ်။

ဒီအချက်တွေက စစ်တပ်အာဏာသိမ်းမှု ၂ ကြိမ် ကြုံခဲ့ရတဲ့ မြန်မာပြည်စီးပွားရေး အခြေအနေနဲ့ ပြည်သူတွေရဲ့ "နူရာဝဲစွဲ လဲရာသူခိုးထောင်း "ဆိုသလို ဗိုလ်နေဝင်း ပြီးနောက် ဗိုလ်စောမောင်၊ ဗိုလ်သန်းရွှေတို့ စစ်ဗိုလ်တသိုက်ရဲ့ ပြည်သူလူထုဘဝတွေကို နွံထဲနစ်ချခဲ့ရာကနေ ပြန်လည်ရုန်းထဖို့ ကြိုးစားဆဲကာလမှာပဲ အာဏာသိမ်းဘိုးအေ ဗိုလ်နေဝင်းရဲ့နောက်လိုက် ပြည်တွင်းဖြစ် ဖက်ဆစ်စစ်တပ်ခေါင်းဆောင် နောက်တဦး ပေါ်ထွက်လာပါတော့တယ်။ သူကတော့ ၂၁ ရာစု စစ်ဘီလူး အာဏာရူး ဗိုလ်မင်းအောင်လှိုင်ပဲ ဖြစ်ပါတယ်။ ဗိုလ်နေဝင်းလက်ထက်နဲ့ ဗိုလ်မင်းအောင်လှိုင်လက်ထက်ကို ယှဉ်ကြည့်လိုက်ရင် ၁၉၆၇ မှာ ဗိုလ်နေဝင်းရဲ့ မဆလပါတီက မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်ဆိုပြီး နိုင်ငံ့စီးပွါးရေးကို စိတ်ကူးတည့်ရာ လျှောက်လုပ်တာ၊ ပြည်တွင်းမှာရှိတဲ့ နိုင်ငံခြားဘဏ် ၁၅ ဘဏ် နဲ့ ပြည်တွင်းဘဏ် ၁၀ ဘဏ်ကို နိုင်ငံပိုင် လုပ်တာ စတဲ့ ကိစ္စတွေရဲ့ နောက်ဆက်တွဲအနေနဲ့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (GDP) ဟာ ၅ ဒသမ ၃၇ ရာခိုင်နှုန်းအထိ ထိုးဆင်းခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်မှာတခါ စစ်တပ်က အာဏာသိမ်းပြန်တော့ GDP ကျဆင်းမှု ၇ ဒသမ ၆ ရာခိုင်နှုန်းအထိ ရှိခဲ့ပါတယ်။ ၂၀၂၁ မှာ စစ်တပ်က အာဏာသိမ်းပြန်တော့ GDP တိုးတက်မှုနှုန်းဟာ အနုတ် ၁၈ ဒသမ ၄ ရာခိုင်နှုန်းအထိ စံချိန်တင် ထိုးကျသွားတယ်လို့ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)ရဲ့ ၂၀၂၁ ခုနှစ်အတွက် နောက်ဆုံး ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံဟာ ၂၀၂၀ ကိုဗစ်ကာလမှာ အခြားနိုင်ငံတွေနည်းတူ စီးပွားရေးတုံ့ဆိုင်းမှုနဲ့ ကြုံနေရပါတယ်။ ကိုဗစ်ကြောင့် စီးပွါးရေးတုံ့ဆိုင်းခဲ့တဲ့ မြန်မာနိုင်ငံကတော့ စစ်တပ်ရဲ့ အာဏာသိမ်းမှုကြောင့် နိုင်ငံရေး၊ စီးပွါးရေးနဲ့ ဘက်ပေါင်းစုံ ကဏ္ဍအားလုံးအပေါ် ကြီးမားတဲ့ ရိုက်ခတ်မှုတွေ ဖြစ်ပေါ်ခဲ့တာပါ။ အာဏာသိမ်းကာလ ၃ နှစ် ကျော်ချိန်မှာတော့ မြန်မာ့စီးပွါးရေးဟာ သမိုင်းတလျှောက် အဆိုးဝါးဆုံး အခြေအနေကို ဆိုက်ရောက်ခဲ့ပါတယ်။ အာဏာသိမ်းကာလအလွန် မြန်မာ့စီးပွားရေး တရိပ်ရိပ်ထိုးကျလာမှုဟာ နောက်နှစ်ပေါင်းများစွာအထိ တိုင်းပြည် စီးပွါးရေးကို နလံထူနိုင်ဖို့ ခက်ခဲနေဦးမှာ ဖြစ်ပါတယ်။

## စကစ လက်ထက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု

စစ်အာဏာသိမ်းပြီးတာနဲ့ စီးပွါးရေးကဏ္ဍမှာ ကြီးမားတဲ့ အပြောင်းအလဲတွေကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပြန်ပြီးထွက်ခွာမှု၊ လုပ်ငန်းအရွယ်အစား လျှော့ချမှု၊ လုပ်ငန်းတွေ ဆိုင်းငံ့မှုတွေနဲ့ ဦးစွာ ရင်ဆိုင်ခဲ့ရပါတယ်။ ရင်းနှီးမြှုပ်နှံမှုအသစ်တွေ သိသိသာသာ လျော့ကျသွားတဲ့အပြင်၊ ဝင်ရောက်ဖို့ စီစဉ်ထားတဲ့ ရင်းနှီးမြှုပ်နှံမှုတွေအားလုံး ရပ်တန့်သွားပါတော့တယ်။ ဒါကြောင့် ၂၀၁၉ - ၂၀ ဘဏ္ဍာနှစ်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟာ ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံအထိ ရှိခဲ့ပြီး စစ်ကောင်စီလက်ထက် ၂၀၂၀-၂၁ ခုနှစ်မှာ ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံသာ ဝင်ပါတော့တယ်။

စစ်တပ်က အာဏာသိမ်းပြီးတဲ့နောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပြည်တွင်းကနေ ထွက်ခွာနေပေမဲ့ စစ်ကောင်စီနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဆက်လုပ်နေတာကတော့ တရုတ်ဖြစ်ပါတယ်။ တရုတ်ဟာ လောလောဆယ် မြန်မာနိုင်ငံမှာ အမေရိကန်ဒေါ်လာ ၂၁ ဘီလီယံကျော် တန်ဖိုးရှိတဲ့ ရင်းနှီးမြှုပ်နှံမှု စီမံကိန်း ၆၀၀ နီးပါးမှာ ရင်းနှီးမြှုပ်နှံထားပြီး အများစုဟာ လျှပ်စစ်ကဏ္ဍမှာ ဖြစ်ပါတယ်။ ဒီပမာဏဟာ မြန်မာမှာ ပြည်ပရင်းနှီး မြှုပ်နှံမှု စုစုပေါင်းပမာဏရဲ့၂၃ ရာ ခိုင်နှုန်းအထိ ရှိတယ်လို့ သိရပါတယ်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ စစ်တပ်အာဏာ သိမ်းပြီး နောက်ပိုင်း အခုချိန်ထိ စစ်ကောင်စီ ခွင့်ပြုခဲ့တဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှု ၅ ဒသမ ၇ ဘီလီယံထဲက ၃ ဘီလီယံဟာ တရုတ်ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဖြစ်တယ်လို့ ပြည်တွင်းသုတေသန အဖွဲ့အစည်းတခုဖြစ်တဲ့ မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု (ISPMyanmar)ရဲ့ စစ်တမ်းတွေအရ သိရပါတယ်။

ရင်းနှီးမြှုပ်နှံမှုတွေကို ကြည့်လိုက်မယ်ဆိုရင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံရှိခဲ့ပြီး ၂၀၂၀-၂၁ မှာ ၃ ဒသမ ၇၉ ဘီလီယံဒေါ်လာ ရှိခဲ့ပါတယ်။ အာဏာသိမ်းပြီး ၃ နှစ်တာကာလမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက စုစုပေါင်း ၂ ဒသမ ၈၆ ဘီလီယံပဲ ရှိပါတယ်။ နှိုင်းယှဉ်ပြီး ပြောရမယ်ဆိုရင် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားခဲ့တဲ့ ၂၀၂၀-၂၁ ဘဏ္ဍာနှစ်မှာ ၃ ဒသမ ၇၉ ဘီလီယံဒေါ်လာ ရှိခဲ့တာကြောင့် အာဏာသိမ်းပြီး ၃ နှစ်တာကာလ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းဟာ အရပ်သားအစိုးရ လက်ထက် တနှစ်တာ ရင်းနှီးမြှုပ်နှံမှု လောက်တောင် မရှိတာကို တွေ့ရပါတယ်။



အခုချိန်ထိ စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံက ပြန်ထွက်သွားတဲ့ နိုင်ငံခြားကုမ္ပဏီတွေနဲ့ စစ်တပ်ပိုင်ကုမ္ပဏီတွေနဲ့ လက်တွဲဖြုတ်ခဲ့တဲ့ နိုင်ငံ ၂၀ နီးပါးက နိုင်ငံခြားကုမ္ပဏီပေါင်း ၃၀ လောက်အထိ ရှိတယ်လို့ သိရပါတယ်။ ဒီလို ထွက်ခွာရတဲ့ အကြောင်းရင်းတွေထဲမှာ တိုင်းပြည်မငြိမ်မသက်ဖြစ်မှု၊ စစ်တပ်အာဏာသိမ်းတာကို မနှစ်မြို့မှု၊ နိုင်ငံခြားငွေကြေးနဲ့ ပတ်သက်တဲ့ စီမံခန့်ခွဲတာ လွဲချော်မှုတွေနဲ့ လျှပ်စစ်ဓာတ်အား လုံလောက်စွာ မပေးနိုင်မှု၊ လောင်စာဆီ စတဲ့ လုပ်ငန်းလည်ပတ်ဖို့ လိုအပ်တဲ့ အခြေခံ အဆောက်အအုံဆိုင်ရာကိစ္စကို စစ်ကောင်စီက လျစ်လျူရှုမှုတွေကြောင့် ဖြစ်တယ်လို့ စီးပွါးရေး ကျွမ်းကျင်သူတွေက ထောက်ပြကြပါတယ်။

အာဏာသိမ်းပြီးနောက်ပိုင်း ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံကို ပေးနေတဲ့ ငွေကြေးအကူအညီတွေ၊ ချေးငွေတွေ အားလုံးကို ဖြတ်တောက်ခဲ့ပါတယ်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)ကလည်း ပူးပေါင်းဆောင်ရွက်မှုတွေ အားလုံးကို ရပ်တန့်ခဲ့သလို ဂျပန် ODA ၊ ကိုရီးယား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ရံပုန်ငွေ EDCF တို့လို နိုင်ငံတကာအထောက်အပံ့တွေလည်း ရပ်ဆိုင်းကုန်ပါတယ်။ ဒါကြောင့် စစ်ကောင်စီလက်ထက်မှာ နိုင်ငံတကာဖွံ့ဖြိုးမှု အကူအညီတွေ ဖြတ်တောက်ခံရတဲ့ကိစ္စဟာ မြန်မာ့စီးပွါးရေးအပေါ် သက်ရောက်မှု ကြီးမားခဲ့ပါတယ်။

နိုင်ငံခြားကုမ္ပဏီတွေ တခုပြီးတခု ထွက်ခွာနေတဲ့အထဲမှာ ရင်းနှီးမြှုပ်နှံမှုငွေပမာဏ အများဆုံးဖြစ်တဲ့ ပြည်ပစွမ်းအင်ကုမ္ပဏီတွေလည်း ပါဝင်နေတဲ့အတွက် စစ်ကောင်စီဟာ အခုချိန်မှာ နိုင်ငံခြားငွေရင်းမြစ် ကျပ်တည်းလာနေသလို အလုပ်လက်မဲ့တွေ များသထက် များလာပြီး အခြေခံလူတန်းစားတွေ စားဝတ်နေရေး ကျပ်သထက် ကျပ်လာပါတယ်။ ပြည်တွင်းမှာ အလုပ်အကိုင်ရှားပါးလို့ ပြည်ပကို အလုပ်လုပ်ဖို့ နေစဉ်နဲ့အမျှ ထွက်ခွာနေကြတဲ့အတွက် မြန်မာနိုင်ငံရဲ့ လူသားအရင်းအမြစ်တွေ တဖြည်းဖြည်း လျော့ကျလာပါတယ်။ ပြည်ပထွက်ခွာတဲ့ ရွှေ့ပြောင်းလုပ်သားဦးရေဟာလည်း ၂၀၂၀ ခုနှစ်မှာတောင် ၅ သန်းကျော် ရှိနေခဲ့ပါတယ်။

### စစ်အသုံးစရိတ် တိုးမြင့်လာမှု

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က ကာကွယ်ရေးအသုံးစရိတ်ဟာ ကျပ်ဘီလီယံ ၂၀၀၀ ကျော်သာ ရှိခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ ကျပ်ဘီလီယံ ၃၀၀၀ ကျော်ကို ပထမဆုံး ရောက်ရှိခဲ့တာ ဖြစ်ပါတယ်။

အာဏာသိမ်းပြီးတဲ့နောက် စစ်ကောင်စီက ရေးဆွဲတဲ့ ၂၀၂၁-၂၂ ဘတ်ဂျက်မှာ ကာကွယ်ရေး အသုံးစရိတ်ကို ကျပ်ဘီလီယံ ၁၇၀၀ ကျော် သုံးစွဲခဲ့ပါတယ်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာတော့ ကျပ်ဘီလီယံ ၃၇၀၀ ကျော်အထိ ရောက်ရှိခဲ့ပါတယ်။ ၂၀၂၃ ဘတ်ဂျက်မှာ ကာကွယ်ရေးအသုံးစရိတ်ကို ကျပ်ဘီလီယံ ၅၆၀၀ ကျော် သုံးခဲ့ပါတယ်။ ၂၀၂၄ ဘတ်ဂျက်ကိုတော့ တရားဝင် ဖော်ပြမထားပေမယ့် ၂၀၂၃ ခုနှစ်ထက်တော့ လျော့နည်းဖို့ မရှိပါဘူး။ စစ်ကောင်စီလက်ထက် စစ်အသုံးစရိတ်တိုးမြင့်မှုက တိုင်းပြည်လူထုကို လူမှုစီးပွါးအကျပ်အတည်းကို ပိုမို ကြီးထွားစေခဲ့ပါတယ်။

### ငွေကြေးဖောင်းပွမှု

စစ်ကောင်စီလက်ထက်မှာ မြန်မာ့စီးပွါးရေးအပေါ် အထိနာဆုံးကတော့ အာဏာသိမ်းပြီး ၃ နှစ်ကျော်ထဲမှာ မြန်မာကျပ်ငွေတန်ဖိုးဖောင်းပွမှု အဆမတန် ထိုးကျသွားတဲ့အတွက် ကုန်ဈေးနှုန်းတွေ

နှစ်ဆကျော် တက်သွားတာပဲ ဖြစ်ပါတယ်။ စစ်တပ်က အာဏာသိမ်းလိုက်တဲ့ ၂၀၂၁ ဖေဖော်ဝါရီ ၁ ရက်နေ့က အမေရိကန် တဒေါ်လာ ၁၃၃၀ ကျပ်၊ ရွှေတကျပ်သား ၁၃ သိန်းကျပ် ဝန်းကျင်ရှိခဲ့ရာက အခု ၂၀၂၄ နှစ်လယ်လောက်မှာ အမေရိကန် တဒေါ်လာကို ၄၅၈၀ ကျပ်ဝန်းကျင်နဲ့ အခေါက်ရွှေတကျပ်သားကို ကျပ် ၄၆ သိန်းဝန်းကျင်အထိ မြင့်တက်ခဲ့ပါတယ်။ မြန်မာကျပ်ငွေ တန်ဖိုးဟာ အရှိန်အဟုန်နဲ့ ကျဆင်းနေပါတယ်။

ငွေကြေးဖောင်းပွမှုရဲ့ နောက်ဆက်တွဲ ရိုက်ခတ်မှုကတော့ အခြေခံ စားသောက်ကုန်တွေ ဈေးနှုန်းအဆမတန် မြင့်တက်ခဲ့တာပါပဲ။ စစ်တပ်အာဏာသိမ်းမှုကြောင့် အရာရာ ချွတ်ခြုံကျနေတဲ့ သာမန် လက်လုပ်လက်စား ပြည်သူအများစုကို တရိပ်ရိပ်တက်လာတဲ့ ကုန်ဈေးနှုန်းရဲ့ ရိုက်ခတ်မှုက ကြီးမားခဲ့ပါတယ်။ စားအုန်းဆီဝယ်ယူဖို့ တန်းစီနေတဲ့ လူအုပ်ကြီးကို မဆလခေတ် သမဆိုင်မှာ ဆန်တိုးစီနေသလိုမျိုး နေရာတကာမှာ တွေ့နိုင်သလို အလှူရှင်တွေက ထောက်ပံ့တဲ့ ရိက္ခာကို မျှော်ကိုးနေရတဲ့ အခြေခံလူတန်းစားတွေ ပိုများလာပါတယ်။ ၂၀၂၀ ပြည့်နှစ်နဲ့ နှိုင်းယှဉ်ရင် ဆန်ဈေးနှုန်း သုံးဆနီးပါး၊ စားသုံးဆီ ဈေးနှုန်းလေးဆကျော်နဲ့ ပဲ၊ အသားငါးဟင်းသီးဟင်းရွက် ဈေးနှုန်းတွေ နှစ်ဆကျော်အထိ တက်သွားပါတယ်။

၂၀၂၃ ဇူလိုင်လထဲမှာ စစ်ကောင်စီဗဟိုဘဏ်ကနေ ကျပ်နှစ်သောင်းတန် ငွေစက္ကူသစ်တွေ ထုတ်ဝေတော့မှာ ဖြစ်တဲ့အကြောင်း ကြေညာချက်ကြောင့် စီးပွါးရေးလုပ်ငန်းတွေအပေါ် ရိုက်ခတ်မှု ကြီးမားခဲ့ပါတယ်။ ဒီကြေညာချက် ထွက်လာပြီးတဲ့နောက် အိမ်ခြံမြေအရောင်းအဝယ်တွေနဲ့ ရန်ကုန်မြို့က ရွှေဆိုင်တွေမှာ အရောင်းပိတ်ထားခဲ့ကြပြီး ငွေကြေးဖောင်းပွမှု ပြဿနာကို ပိုဆိုးစေခဲ့ပါတယ်။ ကမ္ဘာ့ဘဏ်က ၂၀၂၃ ခုနှစ် မြန်မာနိုင်ငံရဲ့ ငွေကြေးဖောင်းပွမှု နှုန်းဟာ ၃၀ ရာခိုင်နှုန်း နီးပါးအထိ ရှိခဲ့တယ်လို့ ခန့်မှန်းထားပါတယ်။ အရှိန်အဟုန်နဲ့ တက်လာတဲ့ ကုန်ဈေးနှုန်းကြီးမြင့်တာကို ထိန်းချုပ်နိုင်ဖို့အတွက် ၂၀၂၄ ခုနှစ် ဇွန်လထဲမှာ ရွှေဆိုင်ပိုင်ရှင်တွေကို ဖမ်းဆီးတာ၊ ဆန်ကုန်သည်ကို ဖမ်းဆီးတာတွေကို စစ်ကောင်စီက လုပ်ခဲ့ပါတယ်။ ကုန်ဈေးနှုန်းကတော့ အဲ့လိုလုပ်လိုက်လို့ ကျမသွားတဲ့အပြင် ပိုတောင် ဆိုးလာပါတယ်။ အခုနောက်ဆုံး အစိုးရဘဏ်ဝန်ထမ်းတွေနဲ့ ပုဂ္ဂလိကဘဏ်တွေစစ်ဆေး အရေးယူဖို့ လုပ်လာပြန်ပါတယ်။

စစ်ကောင်စီဟာ နိုင်ငံတော်အာဏာသိမ်းယူပြီး သုံးနှစ်ကျော်ကာလအတွင်း မြန်မာငွေစက္ကူ ကျပ်ဘီလီယံ ၃၀,၀၀၀ခန့် ရိုက်နှိပ်ထုတ်ဝေခဲ့ပြီး ဒီလုပ်ရပ်ဟာ မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းခြင်းရဲ့ အဓိက အကြောင်းရင်း ဖြစ်ပါတယ်။

### ဆင်းရဲမွဲတေမှုနှုန်း

စစ်တပ်အာဏာမသိမ်းခင် ၂၀၁၇ ခုနှစ် ဆင်းရဲမွဲတေမှု ၂၄.၈ ရာခိုင်နှုန်း ရှိခဲ့ရာကနေ ၂၀၂၃ ခုနှစ်မှာ ၄၉.၇ ရာခိုင်နှုန်းအထိ နှစ်ဆနီးပါး တိုးလာခဲ့ပါတယ်။ နောက်ထပ် ၂၅ ရာခိုင်နှုန်းကလည်း စားဝတ်နေရေး အခြေခံ လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ရုံသာရှိတဲ့ အခြေအနေဖြစ်နေတာကြောင့် စုစုပေါင်း မြန်မာနိုင်ငံလူဦးရေရဲ့ ၇၆ ရာခိုင်နှုန်းလောက်ဟာ အလွန် ထိခိုက်လွယ်တဲ့ အခြေအနေ ရောက်နေတယ်လို့ ဆိုပါတယ်။

ဒီစစ်တမ်းအရ စီးပွားရေးကျဆင်းမှုတွေကြောင့် အမျိုးသမီးတွေ၊ ကလေးငယ်တွေနဲ့ စစ်ရေး ပဋိပက္ခဒေသတွေက ဒေသခံတွေဟာ အထိခိုက်ဆုံးဖြစ်ကြောင်း၊ အမျိုးသမီးဦးဆောင်တဲ့ မိသားစုတွေဟာ

အမျိုးသားဦးဆောင်တဲ့ မိသားစုတွေထက် ဆင်းရဲမွဲတေမှုဒဏ်ကို ပိုပြီး ခံစားရကြောင်း၊ မြန်မာနိုင်ငံက ကလေးအားလုံးရဲ့ တဝက်လောက်က ဆင်းရဲမွဲတေမှုမျဉ်းအောက် ရောက်တယ်လို့ ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံတွင်းမှာလည်း ဒေသတခုနဲ့တခု ထိခိုက်နစ်နာမှု အတိုင်းအတာ မတူညီကြောင်း၊ စစ်ရေးတိုက်ခိုက်မှုတွေ အများဆုံးဖြစ်နေတဲ့ ကယားပြည်နယ်၊ ချင်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်းတွေမှာ တဦးချင်းဝင်ငွေ အနိမ့်ဆုံးနဲ့ ဝင်ငွေတမျိုးတည်းကို တမိသားစုလုံး မှီခိုနေကြရတဲ့ အချိုးအစားလည်း အမြင့်ဆုံးဖြစ်ကြောင်း တွေ့ရပါတယ်။ ကျေးလက်မှာရော၊ မြို့ပြမှာပါ မိသားစုဝင်တဦးတည်းရဲ့ ဝင်ငွေကို မှီခိုပြီး နေထိုင်ကြရတဲ့ မိသားစု အရေအတွက် တိုးပွားလာပြီး တနိုင်ငံလုံးမှာ ၄၈ ရာခိုင်နှုန်းအထိ ရှိတယ်လို့ ဆိုပါတယ်။

အရင်က စီးပွားရေးကောင်းပြီး ဖွံ့ဖြိုးစည်ပင်ခဲ့တဲ့ ရန်ကုန်၊ မန္တလေးလို မြို့ကြီးတွေမှာပါ ဆင်းရဲမွဲတေမှုတွေ ပျံ့နှံ့နေပြီး၊ အရင်က ချမ်းသာတယ်လို့ သတ်မှတ်ခံရတဲ့ မိသားစုတွေတောင် အခုအချိန်မှာ ကြိုးစားရုန်းကန် နေကြရတယ်လို့ အစီရင်ခံစာက ဖော်ပြထားပါတယ်။ (**UNDP** ထုတ်ပြန်ကြေငြာချက် ၁၁ ဧပြီ၂၀၂၄**)**

## စီးပွားရေးပြန်ပြီး နာလန်ထူနိုင်မလား

မြန်မာနိုင်ငံမှာ လက်ရှိကြုံနေရတဲ့ စီးပွားရေးဆုတ်ယုတ်မှု၊ ငွေကြေးဖောင်းပွမှု၊ အလုပ်အကိုင် ရှားပါးမှု၊ ကုန်ဈေးနှုန်းတွေ မြင့်တက်မှု၊ စစ်အသုံးစရိတ်မြင့်မားမှု၊ ဘတ်ဂျက်လိုငွေပြမှု ဆင်းရဲတွင်း ပိုနက် လာမှုတွေဟာ စစ်တပ်ကအာဏာသိမ်းခဲ့တဲ့ ၃ နှစ်ကျော်ကာလထဲမှာ ပြည်သူတရပ်လုံး ခံစားနေရတဲ့ အနိဋ္ဌာရုံတွေ ဖြစ်ပါတယ်။ စစ်ကောင်စီလက်ထက်မှာ စီးပွါးရေး ပြန်လည် ဦးမော့လာဖို့ ဆိုတာကတော့ ရေပေါ်အရုပ်ရေးတာကမှ ထင်ချင် ထင်ပါလိမ့်မယ်၊ ဖြစ်နိုင်ချေကတော့ မရှိသလောက်ပါဘဲ။

လက်ရှိမြန်မာပြည်သူတို့၏ လူမှုစီးပွား အကျပ်အတည်း

မြန်မာနိုင်ငံမှာ ၂၀၂၄ ခုနှစ် ဇွန်လကနေ ဩဂုတ်လအထိ သုံးလအတွင်း လူ ၂ ဒသမ ၇ သန်းဟာ စားနပ်ရိက္ခာမလုံလောက်မှု အရေးပေါ်အခြေအနေနဲ့ ကြုံတွေ့နိုင်တယ်လို့ နိုင်ငံတကာအဖွဲ့အစည်းတွေဖြစ်တဲ့ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) နဲ့ ကုလသမဂ္ဂ စိုက်ပျိုးရေးနဲ့ စားနပ်ရိက္ခာအဖွဲ့ (FAO) တို့က ဇွန်လ ၅ ရက်မှာ ပူးတွဲအစီရင်ခံစာ ထုတ်ပြန်ခဲ့တာပါ။ မြန်မာနိုင်ငံအတွင်း ပဋိပက္ခတွေ ပြင်းထန်လာတာကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးသူ အရေအတွက် တိုးလာနေသလို အစားအသောက်နဲ့ အကူအညီပေးရေး ကိစ္စတွေလည်း ကန့်သတ်ခံထားရတယ်လို့ အစီရင်ခံစာမှာ ပြောထားပါတယ်။ အရေးပေါ်အခြေအနေ ကြုံရနိုင်တဲ့ လူဦးရေ၂ ဒသမ ၇ သန်းအပြင် နောက်ထပ် လူဦးရေ ၁၀ ဒသမ ၆ သန်းကလည်း စားနပ်ရိက္ခာ မလုံလောက်မှုကို ၂၀၂၄ ခုနှစ်အတွင်း ကြုံတွေ့ရနိုင်တယ်လို့ ဆိုပါတယ်။ ကလေးငယ် လေးသိန်းကျော် (၄၂၈,၀၀၀)လည်း အစာအာဟာရချို့တဲ့မှုနဲ့ ဆိုးဆိုးရွားရွား ရင်ဆိုင်ကြုံတွေ့နိုင်ပြီး ၂၀၂၃ ခုနှစ်နဲ့ နှိုင်းယှဉ်ရင် ၅၄ ရာခိုင်နှုန်း မြင့်တက်လာတယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ကုလသမဂ္ဂကလည်း မြန်မာနိုင်ငံမှာ လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းဟာ စံချိန်တင်မြင့်တက်လာတဲ့ နေရပ်စွန့်ခွာမှု အခြေအနေတွေကြောင့် အန္တရာယ်ကြီးမားတဲ့ အခြေအနေကို ရောက်နေတယ်လို့ ထုတ်ပြန်ထားပါတယ်။

နောက်ဆုံးအနေနဲ့ တင်ပြချင်တာကတော့ "အခုဆိုရင် မြန်မာနိုင်ငံရဲ့ ဂျီဒီပီဟာ စစ်တပ်က အာဏာသိမ်းပြီးတဲ့နောက် ၁၂ ရာခိုင်နှုန်း ကျုံ့သွားပြီး ပြည်သူ ၅၅သန်းရဲ့ ၅၀ ရာခိုင်နှုန်းလောက်ဟာ ဆင်းရဲမွဲတေမှုမျဉ်းအောက် ရောက်နေပါတယ်။ လက်ရှိငွေကြေးဖောင်းပွမှု ၁၈ ရာခိုင်နှုန်းအထက် ရှိနေပြီး အာဏာမသိမ်းခင်က ဆန်တကီလိုကို ကျပ်ခြောက်သောင်းကျော် ရှိခဲ့ရာက အခု တသိန်းရှစ်သောင်းအထိ ရှိနေပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ စစ်တမ်းအရ စီးပွားရေးလုပ်ငန်းတွေဟာ ၅၆ ရာခိုင်နှုန်းပဲ လည်ပတ်နိုင်တဲ့ အတွက် အခွန်ငွေရရှိမှု လျော့ကျနေပါတယ်။

စစ်ကောင်စီဟာ နိုင်ငံတွင်းက စီးပွားရေးပြဿနာတွေ ဖြေရှင်းဖို့အတွက် ဆိုပြီး စစ်ခေါင်းဆောင်တွေ ထဲမှာ နံပါတ်ခုနစ်အဆင့်ရှိတဲ့ ဗိုလ်ချုပ်မိုးမြင့်ထွန်းအပါအဝင် ထိပ်ပိုင်းဗိုလ်ချုပ်အချို့ကို ရာထူးကနေချပြီး အရေးယူခဲ့ပါတယ်။ ဒါပေမဲ့လည်း သူတို့လိုပဲ ရာထူးကနေ မပြုတ်ဘဲ ကျန်နေတဲ့ ဗိုလ်ချုပ်တွေဟာလည်း လာဘ်စားပြီး အရည်အချင်းမပြည့်တဲ့ သူတွေသာ ဖြစ်ပါတယ်" လို့ **ဝါရှင်တန်ဒီစီမြို့တော်ရှိ အမျိုးသား စစ်တက္ကသိုလ်က ပါမောက္ခတဦးဖြစ်ပြီး Georgetown University ရဲ့ တွဲဖက်ပါမောက္ခ**ဖြစ်သူ **ဇက်ခါရီ အဘူဇာ (Zachary Abuza) က** ဆိုထားပါတယ်။ **(၅၊ ၅၊ ၂၀၂၄ - RFA)**

**မြတ်လင်း (DPNS)**

■■■

## ပါတီ၏ အမျိုးသားသွေးစည်းညီညွတ်ရေးဆိုင်ရာ လုပ်ငန်းစဉ်

၁။ မိမိတို့အင်အားစုများအတွင်း၊ ပြည်သူလူထုအတွင်း မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒကို တိုက်ဖျက်သွားမည်။

၂။ တိုင်းရင်းသားလူမျိုးများ၏ တရားမျှတသော နိုင်ငံရေးလှုပ်ရှားမှုများအား ပြည်သူလူထု တရပ်လုံးက နားလည် သဘောပေါက် ယုံကြည်သက်ဝင်ပြီး ပူးပေါင်း ပါဝင်လာစေရန် ကြိုးစားဆောင်ရွက်သွားမည်။

၃။ တိုင်းရင်းသားလူမျိုးအသီးသီး၏ နိုင်ငံရေးလှုပ်ရှားမှုတို့အား ဖိနှိပ်သူအစိုးရ အဆက်ဆက်တို့က ပြည်သူလူထုအတွင်း နှစ်ပေါင်းများစွာ ဝါဒဖြန့် သရုပ်ဖျက်နေမှုများကို ရှင်းလင်းသွားမည်။

၄။ မြန်မာပြည်လူ့အဖွဲ့အစည်းတွင် အမျိုးသားဖိနှိပ်မှုများ ထာဝရကင်းစင်စေရေးအတွက် မဟာမိတ် အင်အားစု အသီးသီးနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်။

၅။ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံနိုင်မည့် ပြည်နယ်ပေါင်းစုပြည်ထောင်စု တည်ဆောက်ရေးကို အလေးအနက်ထား၍ ဆောင်ရွက်သွားမည်။

**(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉၊ ၂၀၊ ၂၁ ရက်များတွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ ပါတီစုံညီ အစည်းအဝေးက အတည်ပြုသည်။)**

■■■